ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၂)ရက် ၊ အင်္ဂါနေ့ ၊ (3-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၇၉)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၂၉/၂၀၂၆)
၁၃၈၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်၍ အပိုင်းလိုက် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်ကွဲပါတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

စာမျက်နှာ ၁၈ ကော်လံ ၁ ❑

အရည်အသွေးပြည့်မီမှန်ကန်သည့် ရေနံထွက်ပစ္စည်းများကို အများပြည်သူအသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်ရန်နှင့် ပြည်တွင်းတွင် ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ရန်အတွက် ရေနံချက်စက်ရုံ စီမံကိန်းများကို အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စက်သုံးဆီများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရလျက်ရှိရာ တင်သွင်းလာသည့် စက်သုံးဆီများ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီရေး၊ ပြည်သူများ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး၊ ရေနံထွက်ပစ္စည်းဖြည့်ဆည်းမှုကွင်းဆက် (Supply Chain) အဆင်ပြေချောမွေ့မှုရှိစေရေးတို့အတွက်

စာမျက်နှာ ၁၇ ကော်လံ ၄

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ စာမျက်နှာ - ၁၉

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ မြန်မာစာဘာသာရပ်နှင့်အင်္ဂလိပ်စာဘာသာရပ် သိကောင်းစရာ

စာမျက်နှာ- ၂၆၊ ၂၇

ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်
အယ်ဒီတာ့အာဘော်

နိုင်ငံအတွက် ကြိုးပမ်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို လေးစားဂုဏ်ပြု

ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ လူမျိုးသုဉ်းစေမှု တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးသဘောတူစာချုပ်ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် တရားစွဲဆိုခဲ့ရာ မြန်မာနိုင်ငံသည် အမှုစတင်သည့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလကတည်းက တရားရုံးနှင့် အပြုသဘောပူးပေါင်းဆောင်ရွက်ခဲ့ပြီး တရားစီရင်မှု အဆင့်အားလုံးတွင် ပါဝင်ရင်ဆိုင်ခဲ့သည့်အပြင် တရားရုံးကချမှတ်သည့် အမိန့်များ၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း လိုက်နာဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်များကို မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝလေးစား လိုက်နာခဲ့ပြီး တရားရုံးက သတ်မှတ်ထားသည့်ကာလအလိုက် အစီရင်ခံစာများကို တင်သွင်းခဲ့သည်။

ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်သည့် နောက်ဆုံးအဆင့် နှစ်ဖက်စုံညီလျှောက်လဲကြားနာမှုကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ပြုလုပ်ခဲ့သည်။ အဆိုပါကြားနာပွဲကို နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တို့ပြန်ချေပလျှောက်လဲခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တို့ပြန်ချေပလျှောက်လဲရာ၌ မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံမှသွားရောက်ရင်ဆိုင်ခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံပါဝင်သော လုပ်ငန်း အဖွဲ့နှင့် ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့်တကွ သံရုံးဝန်ထမ်းများ၊ နိုင်ငံတကာရှေ့နေ အဖွဲ့များ အတူတကွပူးပေါင်း၍ ရင်ဆိုင်ထုချေလျှောက်လဲမှုများ ဆောင်ရွက်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂမ်ဘီယာ၏ စွပ်စွဲချက်များမှာ အချက်အလက်အရနှင့် ဥပဒေကြောင်းအရ မှန်ကန်မှုရှိသော အချက်အလက်များမဟုတ်ကြောင်းနှင့် အခြေအမြစ်မရှိသော အချက်အလက်များကို အခြေခံသည့် တစ်ဖက်သတ် အစီရင်ခံစာများသည် အမှန်တရားကို ဖော်ဆောင်နိုင်ခြင်းမရှိကြောင်းတို့ကို တိတိကျကျခိုင်ခိုင်မာမာ သက်သေအထောက်အထားအစုံအလင်ဖြင့် တရားရုံးသို့ လျှောက်လဲခဲ့သည့်အပြင် ဂမ်ဘီယာက အဆိုပြုထားသည့် နစ်နာကြေးပေးရန်အပြင် အခြားအဆိုပြုချက်အားလုံးမှာလည်း ဥပဒေကြောင်းအရနှင့် အချက်အလက်ပိုင်းအရ ခိုင်မာမှုမရှိသည့်အတွက် ပယ်ချပေးရန် တောင်းဆိုခဲ့ကြသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တို့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်တွင် နယ်သာလန်နိုင်ငံမှ ပြန်လည်ထွက်ခွာလာခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများပေးအပ်ပြီး နိုင်ငံတော်အလံများ ဝှေ့ယမ်းကာ လှိုက်လှှိုက်လှဲလှဲ တစ်ခဲနက်ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

သို့ဖြစ်ပါ၍ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ပြုလုပ်ခဲ့သည့် ယခုကြားနာမှုသည် နောက်ဆုံးအဆင့် နှစ်ဖက်စုံညီလျှောက်လဲကြားနာမှုဖြစ်ပြီး အမှု၏အရေးကြီးဆုံးအဆင့်ဖြစ်ကာ တရားရင်ဆိုင်မှုတွင် အနိုင်၊ အရှုံး နှစ်မျိုးသာရှိသဖြင့် နိုင်ငံအတွက် အချိန်လုံ၍ နေ့မအားညမအား ကြိုးပမ်းကာ ကျားကုတ်ကျားခဲ ရင်ဆိုင်ထုချေလျှောက်လဲခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို လေးစားမိပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

ညောင်ရွှေမြို့နယ် ကုန်းခြံ(ထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ သလဲဦးကျေးရွာအုပ်စု ကုန်းခြံ(ထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကုန်းခြံ(ထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၀ ဒသမ ၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကုန်းခြံ(ထက်)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၀ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

မင်းကင်း ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၉၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၃၉၀၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၉၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ဂရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀ဖ)

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကျားကဏန်းပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကျားကဏန်းပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေးငွေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ အတွင်း ကျားကဏန်း ပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ကျားကဏန်း ပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်က ထွက်ရှိတဲ့ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ဇန်နဝါရီလအတွင်း ကျားကဏန်းပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရုံပိုင်ရှင် ဒေါ်ငွေးငွေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်း အသေးတစ်ပိသာလျှင် ငွေကျပ် ၁၆၅၀၀၊ အလတ်တစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀၊ အကြီး တစ်ပိသာလျှင် ငွေကျပ် ၂၈၅၀၀ မှ ၃၃၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

အမရပူရမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား ဂန္ဓကုဋိတိုက်စံကျောင်းတော်ကြီး အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခြင်း ရတနာပန္နက်တော်တင် မဂ်လာအခမ်းအနားကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂

မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမရပူရမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရား သီတင်းသုံးတော်မူသည့် ဂန္ဓကုဋိတိုက်စံကျောင်းတော်ကြီးကို အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခြင်း ရတနာပန္နက်တော်တင် မဂ်လာအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်နံနက်ပိုင်းက အဆိုပါဂန္ဓကုဋိတိုက်စံကျောင်းတော်ကြီးတွင် ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မန္တလေးမြို့မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မာဓိပတိကျောင်းဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဗောဓိပရိယတ္တိစာသင်တိုက်ဆရာတော်၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင်၊ ဒကွိဏာရာမဘုရားကြီးတိုက် သာသနာ့ဓောတိတာရုံကျောင်းဆရာတော်၊ အမပူရမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆင်ဖြူမယ်ကျောင်းဆရာတော်တို့ အမှူးပြုပြီး ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်တိုင်း ဆက်လက်ကျင်းပရာ ဆရာတော်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်ခြင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်များကို သံဃာတော်များထံ ဆက်ကပ်ခြင်း၊ သံဃာတော်များထံက ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ ဥပါသ ကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုယူဆောင်၍ ပက်ဖျန်းချည်နှောင် တားဆီးကာရံခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မဝတ္ထုဌေများ ဆက်ကပ် လှူဒါန်းကြပြီးနောက် လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာကြား၍ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။

အခမ်းအနား ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီးနောက် ရတနာပန္နက်တော်တင်လှူပူဇော်ခြင်း အစီအစဉ်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ မဂ်လာအချိန်တွင် ပန္နက်တော်ကို စိုက်ထူတင်လှူပူဇော်ကာ အမွှေးနံ့သာရေများပက်ဖျန်း၍ ဆရာတော်အရှင်သူမြတ်များက ဇယန္တောဗောဓိယာမူလေ အစရှိသော အောင်ဂါထာကို ရွတ်ဆိုချီးမြှင့်ကြပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီးအောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရား ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မျိုးကျော်

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၉၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မော်လိုက် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၉၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် မြေပဲ ၁၁၅၁၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၉၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၁၁၅၁၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၉၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲ စိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ သည်။

ဖောင်းပြင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက မြေပဲတင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရက် ၉၀ စပါး အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျောင်းကုန်း ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရက် ၉၀ စပါး အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ရက် ၉၀ စပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ရက် ၉၀ စပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန် ဆန်စပါးဈေးကွက်ကပြီးခဲ့တဲ့ ဇန်နဝါရီလရဲ့ ပထမပတ်ကနေ စတင်ပြီး ဝယ်ယူမှု များပြားခဲ့ပါတယ်။ ဒီဘက် ရက် ၉၀ စပါး တင်းရေ ၅၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက ဆန်နဲ့စပါးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ စပါးတွေအဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချနေတဲ့ စပါးတွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါစပါးများကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အင်္ဂါးလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

လက်ဝဲနော်ရထာ၏ စာနှင့် ကဗျာ

ပြေအေးသက်

ဦးမြတ်စံနှင့် ဦးမြတ်သာနေ

လက်ဝဲသုန္ဒရသည် ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရားကြီးက ချီးမြှင့်သောဘွဲ့တစ်ခု ဖြစ်ပြီး ထိုဘွဲ့ဖြင့် ထင်ရှားသူမှာ ဦးမြတ်စံနှင့် ဦးမြတ်သာနေတို့ဖြစ်သည်။ ထိုဘွဲ့ရသူနှစ်ဦးအနက် ဦးမြတ်စံသည် လက်ဝဲသုန္ဒရဘွဲ့ဖြင့်သာ ထင်ရှားပြီး ကျန်တစ်ဦးသည် လက်ဝဲနော်ရထာဘွဲ့ဖြင့် ထင်ရှားလေသည်။ လက်ဝဲနော်ရထာဘွဲ့ဖြင့် ထင်ရှားသော အတွင်းသေနာပတိအမတ်ကြီး ဦးမြတ်သာနေသည် အင်းဝနန်းစံ တနင်္ဂနွေမင်းတရားကြီးလက်ထက် မုံရွာမြို့၏ အရှေ့တောင်ဘက်ရှိ မုံရွေးရွာ၌ သက္ကရာဇ် ၁၀၈၅ ခုနှစ် ဝါဆိုလတွင် ဖွားမြင်သည်။ အမတ်ကြီး၏ အမည်ရင်းမှာ ဦးမြတ်သာနေဖြစ်သော်လည်း ဦးမြတ်သာဟုခေါ်ကြရာမှ "သာ"ကို ပီသအောင်မခေါ်ဘဲ "စာ"ဟုခေါ်ကြရာ "ဦးမြတ်စာ"ဟု တွင်နေသဖြင့် မကျည်းတုံရွာဇာတိ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံနှင့် အမှတ်မှားနေကြလေသည်။ တစ်ခေတ်တည်း၊ တစ်ဘွဲ့တည်းရရှိခဲ့သည့် ခေတ်ပြိုင်စာဆိုပညာရှင်များဖြစ်ကြပြီး နာမည်ကပါ ခပ်ဆင်ဆင်ဖြစ်ကြ၍ မှားယွင်းမှတ်တမ်းပြုမိကြသည်ကို တွေ့မြင်ခဲ့ရပေသည်။

အလောင်းမင်းတရားကြီးနှင့် ဦးမြတ်သာနေ

၁၁၁၃ ခုနှစ် အင်းဝပျက်သည်နှင့် ဦးမြတ်သာနေသည် မိဘရှိရာ မုံရွေးရွာသို့ရောက်ရှိကာ ပြည်ရွှေဘုံ သို့သွားသည်တွင် မင်းခေါင်နော်ရထာဘွဲ့ခံ ဦးတွန်နှင့် တွေ့ကြလေသည်။ ဦးမြတ်သာနေသည် အင်းဝတွင် အကြီးတော်လုပ်ဖူးရာ အင်းဝထုံးစံဥပဒေများကို လည်း သိသူဖြစ်သဖြင့် ဦးတွန်က ဦးမြတ်သာနေကို "မင်္ဂလာရတုစီကုံး၍ လျှောက်နိုင်အံ့လော"ဟု မေးတော်မူလေ၏။ ထိုအခါ ဦးမြတ်သာနေသည် ရှေ့တော်တွင် တစ်ခဏချင်းပင်လျှင် "ဇေယတုယံ" ချီရတုပိုဒ်စုံကိုစီကုံး၍ ဖတ်လျှောက်လေသည်။ အဆိုပါရတု၏ အချိုပိုဒ်များမှာ ဇေယတုယံ၊ မြေအထုခံ၊ ရွှေပဒုမ်တို့ဖြစ်ပြီး အချီများ ကာရန်ညီစွာဖြင့် အစချီထားကြကာ အချုပိုဒ်များတွင် "မျက်ရှင်ကျောက်ရည်ပွင့်ဘုရား၊ ထက်ခွင်မြောက်ပြည်မြင့်ဘုရား၊ ထွက်ဝင်မြောက်စည်နှင့်ဘုရား"ဟု အချည်စွာဖြင့် တွေ့မြင်ရပေသည်။ အချီအချည်သည့် မင်္ဂလာရတုပိုဒ်စုံတစ်ပုဒ်ကို လက်တမ်းစပ်ဆိုလျှောက်သွင်းနိုင်သည့် အရည်အချင်းကို အလောင်းမင်းတရားကြီး ကြားတော်မူလျှင် "သုတဒိဋ္ဌ မင်္ဂလာရှိပေသည်" ဟု ချီးမွမ်းတော်မူ၍ အပါးတွင် အမှုတော်ထမ်းစေခဲ့သည်။

ဦးမြတ်သာနေ

ဦးမြတ်သာနေ အသက် ၂၀ အရွယ် ၁၁၀၅ ခုနှစ်တွင် ဟံသာဝတီရောက် မင်းတရားကြီးလက်ထက် ဝင်ရောက်အမှုထမ်းရာ သားတော်ကြီး စစ်ကိုင်းဘုရင် သီရိမဟာသုဓမ္မရာဇာ၏ အကြီးတော်အရာ ခန့်ထားအပ်နှံခံရသည်။ ထိုသို့ထမ်းရွက်နေစဉ် ရန္တကျော်စွာဟူသောဘွဲ့ ချီးမြှင့်ခံရသည်။ သားတော်မရှိသည့်နောက် ပျံချီကျော်ထင်ဟူသောအမည်နှင့် ဒဝယ်ဆောင်တွင်နေခဲ့ရာ ၁၁၁၃ ခုနှစ်တွင် အင်းဝမြို့တော်မွန်တို့လက်သို့ရောက်၍ ဟံသာဝတီရောက်မင်းကို ဟံသာဝတီသို့ ဆောင်ယူသွားသည်ထိ ဦးမြတ်သာနေသည် တောင်ငူရာဇာနှင့်အတူ မွန်တို့၏ရန်ကို နှိမ်နင်းလျက် အရှင့်သစ္စာတော်ကို စောင့်ထိန်းခဲ့သည်။ အင်းဝပျက်သော် မိမိရပ်ရွာ၌ ပြန်နေသည်။ ၁၁၁၄ ခုနှစ်တွင် အလောင်းမင်းတရားကြီးက ခေါ်တော်မူသောကြောင့် ၁၁၁၅ ခုနှစ်တွင် ရတနာသီခမြို့တော်ကို တည်ထောင်စဉ် အခါလည်းပေး၊ မြို့ပုံလည်းဆက်ရသည်။ အခါတော်ဆက် ဦးမြတ်သာနေကို အလောင်းမင်းတရားကြီးက မင်းတိုင်ပင်အရာ၌ထား၍ မပြတ်တိုင်ပင်တော်မူသည်။

လက်ဝဲသုန္ဒရမှ လက်ဝဲနော်ရထာ

၁၁၁၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (တနလင်္ဂနေ့)တွင် မင်းတိုင်ပင်အမတ်ကြီး ဦးမြတ်သာနေကို အလောင်းမင်းတရားကြီးက "လက်ဝဲသုန္ဒရ"ဟူသောဘွဲ့ဖြင့် ချီးမြှင့်လေသည်။ ၁၁၁၆ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဟံသာဝတီကိုစုန်၍ တပ်ချီရာတွင် အမတ်ကြီးသည် တပ်တော်၌ တပ်ရေးအဖြစ်လိုက်ပါရသည်။ စနည်းနာ အမိန့်တော်ပြန်စာရေးနှင့် ရာဇသံရေးအလုပ်များကို လည်း အမတ်ကြီးပင် ဆောင်ရွက်ရသည်။ ဟံသာဝတီကိုရ၍ ၁၁၁၉ ခုနှစ် နယုန်လဆန်း ၁၄ ရက်တွင် မြို့စောင့်နတ်များကို အမိန့်တော်ပြန်ရရာ အမတ်ကြီးကိုယ်တိုင် အမိန့်တော်စာကိုရေး၍ မြေနန်းရှေ့တွင် အမိန့်ပြန်ရသည်။ အင်္ဂလိပ်မင်းတို့ထံမှ လက်ဆောင်ပဏ္ဏာများရောက်၍ ရာဇသံစာ ပြန်လည်ပေးအပ်ရသည့်အခါလည်း အမတ်ကြီးပင် ရေးသားခဲ့ရသည်။ ထိုနှစ် ဝါဆိုလဆန်း ၁၄ ရက်တွင် ဟံသာဝတီရွှေနန်းထက်၌ မှူးတော်မတ်တော်တို့ကို ဘွဲ့အမည်သနားတော်မူသည်တွင် လက်ဝဲသုန္ဒရအား လက်ဝဲနော်ရထာဘွဲ့ကို သနားတော်မူပြန်သည်။

လက်ဝဲနော်ရထာမှ စည်သူကျော်ထင်၊ ၎င်းမှ နန္ဒသူရကျော်ထင်

၁၁၂၂ ခုနှစ်တွင် သားတော်နောင်တော်ကြီးမင်းနန်းတက်၍ လက်ဝဲနော်ရထာသည် စည်သူကျော်ထင်ဘွဲ့အသနားခံရသည်။ လက်ဝဲနော်ရထာ လျှောက်ထုံး၌ ၁၁၂၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ ရက်တွင် စည်သူကျော်ထင်အမည်နှင့် လျှောက်ထားကြောင်း တွေ့ရှိရသည်။ လက်ဝဲနော်ရထာဘွဲ့နှင့် နောက်ဆုံးလျှောက်ထားသော နေ့ကား ၁၁၂၂ ခုနှစ် တပေါင်းလဆန်း ၁ ရက်ဖြစ်ကာ ထုံးတမ်းစဉ်လာအတိုင်း ဥကင်တော်ဖွင့် မင်္ဂလာသဘင်တွင် မှူးတော်မတ်တော်တို့ကို ဘွဲ့နှင်းမည်ဖြစ်သည့်အလျောက် ထိုသဘင်၌ပင် စည်သူကျော်ထင်ဘွဲ့ ချီးမြှင့်ခံရသည်ဟု မှတ်ယူဖွယ်ဖြစ်သည်။ မုံရွေးဆရာတော် ထပ်ဆင့်ရေးထိုးသော တိလောကခေါင်းလောင်းစာတွင် နောင်တော်ကြီးမင်းတရား လက်ထက် "နန္ဒသူရကျော်ထင်"ဘွဲ့ ရသေးကြောင်း ဖော်ပြပါရှိသော်လည်း အခြားမည်သည့်အထောက်အထားမျှ မတွေ့ရှိရသေးချေ။

နန္ဒသူရကျော်ထင်မှ နေမျိုးသီရိဇေယျကျော်ထင်၊ ၎င်းမှ နေမျိုးမဟာကျော်ထင်၊ ၎င်းမှ နေမျိုးမဟာအသခ်ီယာကျော်ထင်

နောင်တော်ကြီးမင်းနတ်ရွာစံ၍ ညီတော် မြေဒူးမင်းသားသည် ဆင်ဖြူရှင်မင်းအဖြစ် နန်းတက်တော်မူသောအခါ သက္ကရာဇ် ၁၁၂၆ ခုနှစ် နယုန်လပြည့်ကျော် ၂ ရက်တွင် ဥကင်တော်ကြီး ဖွင့်တော်မူရာ ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော်တို့ကို ဘွဲ့သနားတော်မူသည်။ အမတ်ကြီးကို နယုန်လပြည့်ကျော် ၈ ရက်တွင် ဗြဲတိုက်တော်၌ နေမျိုးသီရိဇေယျကျော်ထင်ဘွဲ့သနားတော်မူ၍ အတွင်းဝန်ခန့်တော်မူသည်။ ၁၁၂၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက် (စနေနေ့)တွင် မှူးတော်မတ်တော်၊ သူရဲသူခက်၊ ကျွန်တော်မျိုးအပေါင်းကို ရွှေကောက်သီးသန့်တော်မူ၍ အတွင်းသွေးသောက်၊ အပြင်သွေးသောက်ဖွဲ့တော်မူရာ အမတ်ကြီးသည် လူပေါင်း ၂၄ ဦး ပါဝင်သော နေမျိုးသခ်ီယာသွေးသောက်၌ ပါဝင်ရသည်။ ၁၁၂၇ ခုနှစ်တွင် အင်းဝမြို့ကို ပြန်လည်တည်ထောင်ပြီးနောက် ဆက်လက်တိုးချဲ့ရာတွင်လည်း အမတ်ကြီး နေမျိုးသီရိဇေယျကျော်ထင်ပင် မြို့ပုံကို ဆက်သွင်းခဲ့ရကြောင်း စေတီယကထာရာဇဝင်ချုပ်၌ဆိုသည်။ ဆင်ဖြူရှင်မင်းလက်ထက်၌ပင် ထပ်ဆင့်၍ နေမျိုးမဟာကျော်ထင်ဘွဲ့ကိုလည်းကောင်း၊ နေမျိုးမဟာအသခ်ီယာကျော်ထင်ဘွဲ့ကိုလည်းကောင်း ချီးမြှင့်ခံရလေသည်။

နေမျိုးမဟာအသခ်ီယာကျော်ထင်မှ မင်းကြီးကျော်ထင်၊ ၎င်းမှ မင်းကြီးမဟာသီဟသူရ

၁၁၃၈ ခုနှစ်တွင် ဆင်ဖြူရှင်မင်းတရားကြီး နတ်ရွာစံ၍ သားတော် စဉ်ကူးမင်းနန်းတက်သောအခါ ဦးမြတ်သာနေကို မင်းကြီးကျော်ထင်ဟူသော ဘွဲ့ထပ်မံချီးမြှင့်တော်မူသည်။ ၁၁၄၄ ခုနှစ် အမရပူရမြို့တည် ဘိုးတော်မင်းတရားလက်ထက်တော်တွင်ကား မင်းကြီးမဟာသီဟသူရဘွဲ့ဖြင့် အမရပူရမြို့ဝန်ခန့်ထားခြင်းခံရပြီး ပညာရှိအမတ်ကြီး ဦးမြတ်သာနေသည် ၁၁၅၃ ခုနှစ်တွင် ကွယ်လွန်လေသည်။ အမတ်ကြီးလက်ဝဲနော်ရထာ ရေးသားပြုစုသော စာနှင့်ကဗျာများအနေဖြင့် မှတ်တမ်းရရှိသမျှမှာ အလောင်းမင်းတရားအရေးတော်ပုံ၊ ယိုးဒယားနိုင်မော်ကွန်း၊ ဓညဝတီနိုင်မော်ကွန်း၊ မြန်မာသံယောဇဒီပနီ(ပင့်ရစ်ဋ္ဌီကာ)၊ ဗုဒ္ဓါဘိသေကမော်ကွန်း၊ ရာဇနီတိပျို့၊ ဟန်လင်းပျို့၊ လက်ဝဲနော်ရထာ လျှောက်ထုံး၊ ကိုယ်တိုင်ရေးရတုများဖြစ်ကြပေသည်။

အလောင်းမင်းတရားကြီး အရေးတော်ပုံ

မြန်မာသမိုင်း အမှတ်အသားတို့တွင် ထင်ရှားလှသော အရေးတော်ပုံကျမ်းများအနက် အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းကို ဦးယမ်၏ ဝိဋ္ဌကတ်သမိုင်းစာတမ်း ပိုဒ်ရေ (၂၀၃၅)၌ အလောင်းမင်းတရားကြီးလက်ထက် သံတော်ဆင့် လက်ဝဲနော်ရထာစီရင်သည်ဟုပါ၍ ပိုဒ်ရေ (၂၀၃၆)၌ အလုံမြို့အထက်တိုက် မောင်းထောင်ရွာဇာတိ တွင်းသင်းတိုက်ဝန်မင်း မဟာစည်သူ စီရင်ကြောင်းဖြင့်ဆိုသည်။ အမှန်မှာလည်း ဒေါက်တာရီရီ၏ ကန်သာစိမ်းလဲ့စာတန်းတွင် လက်ဝဲနော်ရထာ၏ "ဘဂျာဝါဒိ၊ ဂုဏာကရံ"ချီ အလောင်းမင်းတရားကြီး၏အရေးတော်ပုံကျမ်း၊ တွင်းသင်းမင်းကြီး ဦးထွန်းညို၏ "ရတနာပူရ၊ အင်းဝမင်းတို့"အစချီ အလောင်းဘုရားအရေးတော်ပုံကျမ်းနှင့် ထိုမင်းကြီး၏ "အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော" ချီသည့် အလောင်းမင်းတရားကြီး၏ အရေးတော်ပုံကျမ်းတို့ရှိကြောင်း သိရကာ အရေးတော်ပုံအမည်ခံကျမ်း ကိုးစောင်ရှိပြီး အကြောင်းအရာမှာ ခုနစ်မျိုးရှိကြောင်း သိရှိရသည်။

လက်ဝဲနော်ရထာလျှောက်ထုံး

ဆရာတော် ခင်ကြီးဖျော်သည် လက်ဝဲနော်ရထာ အမတ်ကြီးနှင့် ဆရာဒါယကာဖြစ်၍ အလွန်ရင်းနှီးခဲ့သည့်အလျောက် အမတ်ကြီးသည် မရှင်းလင်းသောကိစ္စ၊ ကူညီချီးမြှင့်ရန်ကိစ္စတို့၌ ဆရာတော်ထံ လျှောက်ထားခဲ့သော စာများကိုစုပြီး လက်ဝဲနော်ရထာလျှောက်ထုံးဟူ၍ စာတစ်စောင်ပေတစ်ဖွဲ့တွေ့ရှိရသည်။ အဆိုပါ လျှောက်ထုံးတွင် ပုစ္ဆာပေါင်း အစုပေါင်း ၂၈ ခုနှင့် ပုစ္ဆာပေါင်း ၉၂ ခု ပါဝင်ပေသည်။ ထိုအမေးလျှောက်ထားချက်များကို ဆရာတော်သည် "မကာရလောပ"ဟုဆိုသော "မ"အက္ခရာကျေကာ မတတ်၊ မသိ၊ မရှိ ဟူသောအရာ မည်သည်မရှိဖြစ်သော "ဉာဏာဘိလင်္ကာရ မဟာ ဓမ္မရာဇဂုရု"ဟူသော ဆရာတော်ပီပီ လောကီလောကုတ္တရာကျမ်းဂန်တို့မှ ခဲရာခဲဆစ်တို့ကို စိစစ်ရှာဖွေ၍ ဖြေဆိုထားသည့် လျှောက်ထုံးကျမ်းဖြစ်ပေသည်။ ဗုဒ္ဓဝင်၊ နေနက္ခတ်၊ ဂြိုဟ်၊ တာရာစသည့်ဗဟုသုတအဖြာဖြာတို့အပြင် စာပေအနုပညာဆိုင်ရာမေးခွန်းများဖြစ်သည့် မနော်ဟရီဇာတ်တို့အကြောင်း၊ မင်းရဲဒီဗွေချင်းမှ မင်းဆက်ပေါင်းအကြောင်း၊ ဓမ္မသတ်ကျမ်းတို့အကြောင်း၊ မနော်ဟရီပျို့၊ တောင်တွင်းလာပျို့နှင့် ရှင်မဟာရဋ္ဌသာရ၏ပျို့တချို့အကြောင်းတို့ ပါဝင်ပေသည်။

လက်ဝဲနော်ရထာ၏ ရတုများ

လက်ဝဲနော်ရထာကိုယ်တိုင် ရေးသားခဲ့သော မှတ်စုကို လက်ဝဲနော်ရထာစုထားသည့် ရတုပေါင်းပေစာမှ တွေ့ရှိခြင်းဖြစ်ပြီး ပေမူကို နှစ်မူတွေ့ရှိရလေသည်။ ပေတစ်မူသည် မကွေးဝန်ကြီး၏စာဖြစ်သည်။ လက်ဝဲနော်ရထာနှင့် အလောင်းမင်းတရားကြီး တွေ့ဆုံခန်းကို ထိုပေ၌ တွေ့ရသည်။ အခြားပေမူ တစ်စောင်မှာ မကွ္ခရာမင်းသားကြီး၏ပေမူ ဖြစ်သည်။ လက်ဝဲနော်ရထာ၏ရတုများတွင် အလောင်းမင်းတရားလက်ထက် ဟံသာဝတီ၊ ကသည်း၊ ယိုးဒယားသို့ချီသည့်ရတု၊ သားတော်ကန်တွင်း စည်းခုံဒါယကာ လက်ထက် အရပ်ရပ်ဆက်ရတု၊ ညီတော်ဆင်ဖြူရှင် လက်ထက် မင်္ဂလာတော်ကြီးငယ်ရှိသမျှတွင် ဆက်သည့်ရတု၊ လဆန်း ၁ ရက်ရောက်လျှင် ထန်းရွက်ရေး အိတ်နီစွပ်၍ ဆက်သည့်ရတု၊ ရတုအစုံ တစ်ရာကျော်၊ ဆံတော်ရှင်ထီးတော်တင်ရတု၊ သားတော်လက်ထက်ကစ၍ ဆက်သောအရပ်ရပ်ရတု၊ ၎င်းမိဖုရား၊ ဝန်မင်းစည်သူသခ်ီယာနှင့် ရတုဆိုကြရာတွင် တစ်ယောက်ကခံ၍ တစ်ယောက်က ဖြည့်သည့် ရတုစုံ ၃၀ ကျော်နှင့် မောင်ဘွဲ့မယ်ဘွဲ့ ဘုရားတိုင် နတ်တိုင်မှစ၍ မင်းလက်ဝဲနော်ရထာ ဆိုသော ရတုအများရှိကြောင်း ပေမူ၌ ဖော်ပြထားလေသည်။

❖ **လက်ဝဲနော်ရထာဘွဲ့ဖြင့်ထင်ရှားသော အတွင်းသေနာပတိ အမတ်ကြီး ဦးမြတ်သာနေသည် အင်းဝနန်းစံ တနင်္ဂနွေမင်းတရားကြီး လက်ထက် မုံရွာမြို့၏အရှေ့တောင်ဘက်ရှိ မုံရွေးရွာ၌ သက္ကရာဇ် ၁၀၈၅ ခုနှစ် ဝါဆိုလတွင် ဖွားမြင်သည်။ အမတ်ကြီး၏အမည်ရင်းမှာ ဦးမြတ်သာနေဖြစ်သော်လည်း ဦးမြတ်သာဟုခေါ်ကြရာမှ "သာ"ကို ပီသအောင်မခေါ်ဘဲ "စာ"ဟုခေါ်ကြရာ "ဦးမြတ်စာ"ဟု တွင်နေသဖြင့် မကျည်းတုံရွာဇာတိ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံနှင့် အမှတ်မှားနေကြလေသည်။ တစ်ခေတ်တည်း၊ တစ်ဘွဲ့တည်းရရှိခဲ့သည့် ခေတ်ပြိုင်စာဆိုပညာရှင်များဖြစ်ကြပြီး နာမည်ကပါ ခပ်ဆင်ဆင်ဖြစ်ကြ၍ မှားယွင်းမှတ်တမ်းပြုမိကြသည်ကို တွေ့မြင်ခဲ့ရပေသည်။ ❖**

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကန့်ဘလူ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၀၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၉၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၇၀၈၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၉၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ကုလားပဲစိုက်တောင်သူများကို စိုက်နည်းနည်းမှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ကုလားပဲစိုက်ပျိုးရာဌာနအောက်ရှိ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

နွယ်နှင့် မှို

- ပိန်းမောင်ပိတ်သည့်
  လောင်းရိပ်မှာမွေး နွယ်ပျိုလေးပင်
  ကိုယ့်ရေးကိုယ်ကြည့် ကိုယ်တိုင်သိလျက်
  မြေ၏အထက် မိုးသို့တက်။

- နူးညံ့သန္တေ့ မှိုလေးတွေတောင်
  မနေမြေအောက် မြေပေါ်ရောက်ဖို့
  ထိုးဖောက်ရဲရဲ မြေကိုခွဲကာ
  ငါလည်းမင်းလောင်း ထီးဖြူဆောင်း။

- မှီတွယ်မြေသား ကျောက်ချထားသို့
  ရွှေ့လျားနိုင်ခြင်း မရှိကင်းလည်း
  မပျင်းမခို နွယ်နှင့်မှိုတို့
  ကိုယ်ထူကိုယ်ထ မာန်အလှနှင့်
  ဘဝတည်ဆောက် စံပြုလောက်၏
  တွေးရောက်ဆင်ခြင် ရှုသော်မြင်လိမ့်
  ပုံပြင်မဟုတ် ဤပြယုဂ်။

- သင်သည်လူသား စွမ်းပကားနှင့်
  အားနှင့်မာန်နှင့် ကံနှင့်ဥာဏ်နှင့်
  လက်နှင့်ခြေနှင့် အဆင်သင့်တည့်
  မြှင့်တင်ထူမ ကိုယ်တိုင်ကြွသော်
  ဘဝဆန္ဒ လူ့အလှကို
  မရဘယ်ခါ ရှိအံ့နည်း။ ။

ချစ်စုအောင်

မိုင်းဖြတ်မြို့နယ် နားမွန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

မိုင်းဖြတ် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေဖြင့် နားမွန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နားမွန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်က ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့ ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ နားမွန်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအထွေထွေပိုလျှံ ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ဇင်မာ

á စာမျက်နှာ ၄ မှအဆက်

လက်ဝဲနော်ရထာ ခေါင်းလောင်းစာနှင့် ကျောက်စာ

အမတ်ကြီးသည် နောင်တော်ကြီးမင်း နန်းတက်စ လက်ဝဲနော်ရထာဘွဲ့နှင့်ရှိစဉ်တွင် ခေါင်းလောင်းတစ်လုံးကို သူ၏ကောင်းမှုဖြစ်သော မုံရွေး၊ ကလျာဏီရွှေကျောင်းရှိဘုရားတွင် လျှုဒါန်းခဲ့သည်။ ခေါင်းလောင်းစာ သုံးဂါထာနှင့်အနက်ကိုချီးမြှင့်ရန် ၁၁၂၂ ခုနှစ် တပေါင်းလဆန်း ၁ ရက်တွင် တောင်တွင်းဆရာတော် ခင်ကြီးဖျော်ကို လျှောက်ထားပန်ကြားခဲ့ရာ ဆရာတော်က ထိုနေ့တွင်ပင် စီကုံးပေးလိုက်ပေသည်။ ခေါင်းလောင်းထမ်းအဖြစ် အလောင်းမင်းတရားကြီး၊ ယိုးဒယားဒွာရာဝတီက ရခဲ့သည့်ကုလားရုပ်နှစ်ရုပ်ကို အသုံးပြုထားသည်။ ခေါင်းလောင်းစာကို လက်ဝဲနော်ရထာလျှောက်ထုံး စာမျက်နှာ ၁၀၉ မှ ၁၁၁ ကြားတွင် တွေ့မြင်နိုင်ပေသည်။ ထို့ပြင် အမတ်ကြီးသည် ခေါင်းလောင်းလျှုခဲ့ကြောင်းကို ထိုကျောင်း၌ပင် ရေးထိုးထားသည့် တိလောကကျောက်စာမျက်နှာဘက် ၄၃ နှင့် ၄၄ တွင်လည်း ဖော်ပြရေးထိုးထားခဲ့စေသည်။ ၁၁၂၇ ခုနှစ် တပို့တွဲလပြည့်နေ့တွင် တိလောကဘုရားရှင်၌ ကြေးချိန်ပိသာ ၂၀၀ ရှိ ဒုတိယခေါင်းလောင်းကို တိလောကဘုရား၌ သွန်းလုပ်လျှုဒါန်းပြန်ရာ အမတ်ကြီး၏အဆိုအတိုင်း ပါဠိဂါထာဖြင့် အဆန်းတကြယ်ဖွဲ့ဆိုထားခဲ့ပေသည်။

ကောင်းကင်ထက်က ကြယ်တစ်စင်း

လက်ဝဲနော်ရထာဘွဲ့ခံ အမတ်ကြီး၏ နိုင်ငံ၊ လူမျိုးနှင့် စာပေအပေါ် ထားသည့် စေတနာများကို အထင်သား မြင်တွေ့နေရသည်မှာ အတုယူမြတ်နိုးဖွယ်ရာပင်ဖြစ်သည်။ အလောင်းမင်းတရားကြီး၏ အရေးတော်ပုံကျမ်းကို ရေးသားပြုစု၍ နောင်လာနောင်သားများကို ရှေးဘိုးဘွားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထွန်းပြောင်ခဲ့ပုံများကို လေးစားဂုဏ်ယူ အားကျဖွယ်ရာ မီးမောင်းထိုးပြခဲ့ပေသည်။ ထို့ပြင် ကိုယ်တိုင်ကလည်း ပျို့၊ ရတု၊ မော်ကွန်းကဗျာတို့ကို ရေးစပ်သီကုံးကာ မှတ်တမ်းပြုခဲ့သည့်အပြင် အခြားရှေးစာဆိုတို့၏ ဂန္ဓဝင်လက်ရာရတုကဗျာများ မပျောက်မပျက်ရစေအောင် နှစ်ရှည်လများ ပေစာများကို စုဆောင်းမှတ်တမ်းပြုသည့် အားထုတ်လုံ့လပြုမှုမှာလည်း ထပ်မံအားကျဂုဏ်ယူဖွယ်ရာဖြစ်ပေသည်။ ထို့ပြင် လက်ဝဲနော်ရထာလျှောက်ထုံးမှသည် ခေါင်းလောင်းစာ၊ ကျောက်စာတို့ထိ အမျိုးစုံလင်စွာ အားထုတ်ခဲ့သည့် စာပေအနုပညာဗဟုသုတများကို မျိုးစေ့ချခဲ့သည့် လက်ဝဲအနော်ရထာဘွဲ့ခံ အမတ်ကြီးသည် ယခုနှင့် နောင်ကာလများတိုင် လမ်းပြလင်းလက်နေမည့် ကောင်းကင်ထက်က ကြယ်တစ်စင်းဟု ဆိုရပေမည်ဖြစ်ပေသည်။

ကိုးကား

- **ဟံသာဝတီပုံနှိပ်တိုက်၏ လက်ဝဲနော်ရထာ လျှောက်ထုံး**
- **မြန်မာစာညွှန့်ပေါင်းကျမ်း(အတွဲ၃၊ ၅၊ ၇)**
- **မြန်စာဂုဏ်ကျော်မြင့်၏ စာပေ့တာဝန်**
- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၂)**

နိုင်ငံတကာ သတင်းများ

ယူကရိန်းငြိမ်းချမ်းရေး သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ထပ်မံကျင်းပမည့်ကာလ ယူကရိန်းသမ္မတ ကြေညာ

ကိယက်ဗ် ဖေဖော်ဝါရီ ၂

အမေရိကန်၊ ရုရှား၊ ယူကရိန်းတို့၏ ဆွေးနွေးပွဲသစ်များကို ယူအေအီးနိုင်ငံ အာဘူဒါဘီမြို့၌ ဖေဖော်ဝါရီ ၄ ရက်၊ ၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်၊ ရုရှား၊ ယူကရိန်းတို့၏ ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးဆိုင်ရာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ကျင်းပမည့် နေ့ရက်များကို ယူကရိန်းသမ္မတ ဇီလန်စကီးက ဖေဖော်ဝါရီ ၁ ရက်တွင် ၎င်း၏ လူမှုကွန်ရက် စာမျက်နှာ၌ အတည်ပြုထားသည်။

ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေး သုံးပွင့်ဆိုင် ဆွေးနွေးပွဲများကို အာဘူဒါဘီမြို့၌ ဖေဖော်ဝါရီ ၄ ရက်၊ ၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားထားသည်။

ထို့ပြင် ယူကရိန်းနိုင်ငံအနေဖြင့် အဓိပ္ပာယ်ရှိသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၌ ပါဝင်ရေးအတွက် အသင့်ရှိကြောင်းလည်း သမ္မတ ဇီလန်စကီးက ပြောကြားထားသည်။

ရုရှားနှင့် ယူကရိန်းတို့သည် အမေရိကန်အစိုးရ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ပြီးခဲ့သည့်လအတွင်း အာဘူဒါဘီမြို့၌ နှစ်နိုင်ငံတိုက်ရိုက် ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ခဲ့သည်။

အဆိုပါ တိုက်ရိုက်ဆွေးနွေးပွဲများတွင် အမေရိကန်အစိုးရ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

ဂျပန်ဝန်ကြီးချုပ် တာကာအိချီ၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ လာမည့်ရွေးကောက်ပွဲ၌ အနိုင်ရရှိနိုင်

တိုကျို ဖေဖော်ဝါရီ ၂

လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည့် ဂျပန်အောက်လွှတ်တော်ရွေးကောက်ပွဲ၌ လက်ရှိ ဝန်ကြီးချုပ် တာကာအိချီ၏ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီက အနိုင်ရနိုင်ကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ် တာကာအိချီသည် အောက်လွှတ်တော်ကို ပြီးခဲ့သည့်လအတွင်း ဖျက်သိမ်းခဲ့ပြီး အောက်လွှတ်တော် ရွေးကောက်ပွဲများကို ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

အဆာဟိသတင်းစာက ပြုလုပ်ခဲ့သည့် လူထုသဘောထား စစ်တမ်းထောက်ခံချက် ရလဒ်များအရ ဖေဖော်ဝါရီ ၈ ရက် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်တာကာအိချီ၏ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီက ပြတ်ပြတ်သားသား အနိုင်ရနိုင်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၈ ရက် ရွေးကောက်ပွဲ၌ ပြတ်ပြတ်သားသား အနိုင်ရခဲ့ပါက ဝန်ကြီးချုပ် တာကာအိချီ အနေဖြင့် ၎င်း၏ မူဝါဒများကို ဆက်လက်အကောင်အထည်ဖော်ခွင့် ရရှိမည်ဖြစ်သည်။

အဆာဟိသတင်းစာ လူထုသဘောထား စစ်တမ်းထောက်ခံချက်ရလဒ်များအရ လာမည့် ရွေးကောက်ပွဲတွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ အနေဖြင့် အောက်လွှတ်တော်အမတ် ၄၆၅ နေရာအနက် ၂၃၃ နေရာနှင့် အထက်ရရှိနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဂျပန်အောက်လွှတ်တော်တွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီအနေဖြင့် အမတ် ၁၉၈ နေရာသာ ရယူထားနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

တရုတ်အစိုးရ၏ တရုတ်(တိုင်ပေ)ဆိုင်ရာ ရပ်တည်ချက် ရုရှားနိုင်ငံ ဆက်လက်ထောက်ခံမည်ဟု ဆာဂေးရှိုင်းဂူ ပြောကြား

ပေကျင်း ဖေဖော်ဝါရီ ၂

တရုတ်အစိုးရ၏ တရုတ်(တိုင်ပေ)ဆိုင်ရာ ရပ်တည်ချက်သဘောထားကို ရုရှားနိုင်ငံက ဆက်လက် ထောက်ခံမည်ဖြစ်ကြောင်း ရုရှားအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုင်းဂူက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် တွေ့ဆုံဆွေးနွေးစဉ် ရုရှားအမျိုးသား လုံခြုံရေးကောင်စီအတွင်းရေးမှူးက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားအမျိုးသား လုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုင်းဂူသည် ဖေဖော်ဝါရီ ၁ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားအမျိုးသား လုံခြုံရေးကောင်စီအတွင်းရေးမှူးတို့သည် နိုင်ငံတကာနှင့်ဒေသတွင်း လုံခြုံရေးကိစ္စများကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ပြန်လည်ပေါင်းစည်းရေးအတွက် လိုအပ်လျှင် စစ်အင်အား သုံးမည်ဖြစ်ကြောင်း ပြောကြားထားသည်။

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ၂၀၂၂ ခုနှစ်အတွင်း အကန့်အသတ်မဲ့ နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်ကို ရယူခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

အီရန်ကို အမေရိကန် တိုက်ခိုက်ပါက ဒေသတွင်းပဋိပက္ခ ပေါ်ထွက်လာနိုင်ကြောင်း အီရန်ခေါင်းဆောင်ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၂

အမေရိကန်နိုင်ငံ အနေဖြင့် အီရန်ကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပါက ဒေသတွင်းပဋိပက္ခ ပေါ်ထွက်လာနိုင်ကြောင်း အီရန်ခေါင်းဆောင် အလီခါမေနီက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်ခေါင်းဆောင် အလီခါမေနီ၏ အဆိုပါပြောကြားချက်ကြောင့် အီရန်နှင့် အမေရိကန်နိုင်ငံတို့ကြားတင်းမာမှုများ ထပ်မံမြင့်တက်လာနိုင်သည်။

ရှျုကလီးယား သဘောတူညီချက်တစ်ရပ် ရယူမှုမရှိပါက အီရန်နိုင်ငံကို အရေးယူမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီးနောက် အမေရိကန်ရေတပ်က အရှေ့အလယ်ပိုင်းဒေသ၌ စစ်အင်အားမြှင့်တင်ထားသည်။

သို့ရာတွင် အီရန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ စစ်အင်အားကို ကြောက်လန့်နေမည် မဟုတ်ဘဲ အီရန်နိုင်ငံကို တိုက်ခိုက်ခဲ့ပါက ပြင်းထန်သည့်တုံ့ပြန်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင် အလီခါမေနီက ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံက အီရန်ကို စစ်ရေးအရ တိုက်ခိုက်ခဲ့လျှင် ဒေသတွင်းပဋိပက္ခ ပေါ်ထွက်လာနိုင်ကြောင်း အလီခါမေနီက ပြောကြားထားသည်။

လက်ရှိတွင် အရှေ့အလယ်ပိုင်း ဒေသ၌ အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘော တစ်စီး၊ ဖျက်သင်္ဘောခြောက်စီး၊ တိုက်ရေယာဉ်သုံးစီးတို့ ရောက်ရှိနေကြောင်း သိရသည်။

Ref : RT

Trs : KKO

တရုတ်နိုင်ငံ၏ ရက် ၄၀ ကြာ နွေဦးပွဲတော် ခရီးသွားရာသီ စတင်

ပေကျင်း ဖေဖော်ဝါရီ ၂

တရုတ်နိုင်ငံ၏ နှစ်စဉ် ကျရောက်မြဲ နွေဦးပွဲတော် ခရီးသွားရာသီသည် ယနေ့တွင် စတင်ပြီးဖြစ်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ရက်ပေါင်း ၄၀ ကြာမြင့်မည့် နွေဦးပွဲတော် ခရီးသွားရာသီသည် တရုတ်နှစ်သစ်ကူး အားလပ်ရက်ကာလမတိုင်မီ စတင်ခဲ့ခြင်းဖြစ်သည်။

နွေဦးပွဲတော် ခရီးသွားရာသီ အတွင်း တရုတ်ပြည်သူ့သန်းပေါင်းများစွာတို့မှာ နှစ်သစ်ကူးပွဲတော်များအတွက် ဇာတိမြေများသို့ ပြန်ကြလေ့ရှိရာ နွေဦးပွဲတော် ခရီးသွားရာသီကို ကမ္ဘာ့အကြီးဆုံး လူသားများ နှစ်စဉ် ရွှေ့ပြောင်းသွားလာမှုအဖြစ် အများက သတ်မှတ်ထားကြသည်။

ယခုနှစ် နွေဦးပွဲတော် ခရီးသွားရာသီအတွင်း တရုတ်ပြည်သူများ အနေဖြင့် ခရီးစဉ်ပေါင်း ၉ ဒသမ ၅ ဘီလီယံထိ စံချိန်တင်သွားရောက်နိုင်ကြောင်း တရုတ်အစိုးရ တာဝန်ရှိသူများက ခန့်မှန်းထားသည်။

၂၀၂၅ ခုနှစ် နွေဦးပွဲတော် ခရီးသွားရာသီအတွင်း တရုတ်ပြည်သူများအနေဖြင့် ခရီးစဉ်ပေါင်း ၉ ဒသမ ၀၂ ဘီလီယံထိ သွားရောက်ခဲ့ကြောင်း တရုတ် တာဝန်ရှိသူများက ပြောကြားထားသည်။

တရုတ်ရိုးရာ တိရစ္ဆာန်ပုံပြ ပြက္ခဒိန်အရ လာမည့် ဖေဖော်ဝါရီ ၁၇ ရက်တွင် မြင်းနှစ်သစ် စတင်ဝင်ရောက်မည်ဖြစ်ပြီး နှစ်သစ်ကူး ကာလအားလပ်ရက်မှာ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

ဘလူးအော်ရီဂျင်ကုမ္ပဏီက လကမ္ဘာမစ်ရှင်များကို အာရုံစိုက်နိုင်ရေး ပုဂ္ဂလိကအာကာသမစ်ရှင်များလွှတ်တင်မှုကို ယာယီရပ်ဆိုင်းထားမည်ဖြစ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် လကမ္ဘာမစ်ရှင်များကို အာရုံစိုက်နိုင်ရေးအတွက် New Shepard ပုဂ္ဂလိက အာကာသမစ်ရှင်များ လွှတ်တင်မှုကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

လကမ္ဘာမစ်ရှင်များကို အဓိကထား ဖော်ဆောင်ရေးအတွက် New Shepard မစ်ရှင်များလွှတ်တင်မှုကို အနည်းဆုံးနှစ်နှစ် ရပ်ဆိုင်းထားမည် ဖြစ်ကြောင်း ဘလူးအော်ရီဂျင် ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ဘလူးမွန်းအမည်ရှိ အာကာသ ယာဉ်ဖြင့် အာကာသယာဉ်မျူးများကို လကမ္ဘာပေါ်သို့ ပို့ဆောင်ပေးရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် သဘောတူညီချက် လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

အစီအစဉ်အတိုင်း ဆိုပါက ဘလူးအော်ရီဂျင် ကုမ္ပဏီသည် အားတီးမစ်-၅ မစ်ရှင်အဖြစ် ဘလူးမွန်း အာကာသယာဉ်ကို ၂၀၂၉ ခုနှစ်တွင် လွှတ်တင်ရမည်ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ လက်ရှိအချိန်ထိ New Shepard မစ်ရှင်ပေါင်း ၃၈ ခုထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အထက်ပါ မစ်ရှင်များအနက် ၁၇ ခုမှာ ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါသည့်မစ်ရှင်များ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ရုရှားနိုင်ငံ၏ Luch / Olymp ဂြိုဟ်တုက ကမ္ဘာပတ်လမ်းပေါ်၌ ပြိုကွဲခဲ့ဖွယ်ရှိ

မော်စကို ဖေဖော်ဝါရီ ၂

Luch / Olymp အမည်ရှိ ရုရှားဂြိုဟ်တုတစ်စင်းသည် ကမ္ဘာပတ်လမ်းပေါ်၌ ပြိုကွဲခဲ့ဖွယ်ရှိကြောင်း ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် အာကာသ စောင့်ကြည့်ရေး ကုမ္ပဏီတစ်ခုက သတင်းထုတ်ပြန်ထားကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

Luch / Olymp ဂြိုဟ်တုသည် ၂၀၁၄ ခုနှစ်တွင် ရုရှားစစ်ဘက်က လွှတ်တင်ထားသည့် ဂြိုဟ်တုဖြစ်ပြီး အခြားနိုင်ငံများမှ ဂြိုဟ်တုများကို တန်ပြန်ထောက်လှမ်းစောင့်ကြည့်ပေးသည့် ဂြိုဟ်တုဖြစ်သည်။

ကမ္ဘာမြေပြင်အထက် အမြင့် ၂၂၃၃၆ မိုင်အကွာ ပတ်လမ်းပေါ်တွင် နေရာယူထားသည့် ၎င်း ဂြိုဟ်တုမှာ ပြီးခဲ့သည့်နှစ်အတွင်း မစ်ရှင်သက်တမ်း ကုန်ဆုံးခဲ့ကြောင်း သိရသည်။

မစ်ရှင်သက်တမ်းကုန်ဆုံးပြီးနောက် Luch / Olymp ဂြိုဟ်တုကို မူလပတ်လမ်းထက် မိုင်ရာပေါင်းများစွာ ပိုမြင့်သည့်ပတ်လမ်းပေါ်သို့နေရာရွှေ့ထားခဲ့သည်။

သို့ရာတွင် မြေပြင်ရေဒီယိုတယ်လီစကုပ်ဓာတ်ပုံ အထောက်အထားများအရ Luch / Olymp ဂြိုဟ်တုမှာ ပြိုကွဲခဲ့ဖွယ်ရှိကြောင်း၊ အဆိုပါ ဂြိုဟ်တုသည် အာကာသအမှိုက်တစ်ခု ဝင်တိုက်မှုကြောင့် ပြိုကွဲခဲ့ရခြင်းဖြစ်နိုင်ကြောင်း အက်စ်တူးအေအမည်ရှိ ဆွစ်ဇာလန်အာကာသ စောင့်ကြည့်ရေးကုမ္ပဏီ ကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသည့် တရုတ်ဒုံးပျံ အစိတ်အပိုင်းတစ်ခုက တောင်ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ကျရောက်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၂

လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသည့် တရုတ်ဒုံးပျံ အစိတ်အပိုင်းတစ်ခုသည် ဇန်နဝါရီ ၃၁ ရက်က တောင်ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်အာကာသ တပ်ဖွဲ့၏အဆိုအရ အထက်ပါတရုတ်ဒုံးပျံ အစိတ်အပိုင်းသည် နယူးဇီလန်နိုင်ငံ အရှေ့တောင်ဘက် မိုင် ၁၂၀၀ ခန့်အကွာ ရေပြင်အတွင်း ကျရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ တရုတ်ဒုံးပျံအစိတ်အပိုင်းမှာ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း လွှတ်တင်ခဲ့သည့် ကျူကေး-၃ ဒုံးပျံ၏ အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်လာသည့် တရုတ်ဒုံးပျံ အစိတ်အပိုင်းမှာ အလေးချိန် ၁၁ တန်ထိ ရှိနိုင်ရာ ဂရုစိုက်စောင့်ကြည့်ရန် လိုအပ်သည့် အရွယ်အစားမျိုးဖြစ်ကြောင်း ဥရောပအာကာသ အေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျူကေး-၃ ဒုံးပျံကို တရုတ်နိုင်ငံအခြေစိုက် လန်းစပေ့စ် ကုမ္ပဏီက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် ဒုံးပျံ၏ ပင်မဒုံးယာဉ်မှာ မြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်ရန် ကြိုးပမ်းစဉ် ပေါက်ကွဲခဲ့ပြီး ထိပ်ဖူးအဆင့် ဒုံးယာဉ်မှာ ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

HEALTH

ပန်ကရိယကင်ဆာကုသနိုင်ရေးအတွက် ဆေးသုံးမျိုးပေါင်း ကုထုံးသစ်တစ်မျိုး သုတေသနပညာရှင်များ စမ်းသပ်နေ

မက်ဒရစ် ဖေဖော်ဝါရီ ၂

ပန်ကရိယကင်ဆာကို ကုသနိုင်ရေးအတွက် ဆေးသုံးမျိုးပေါင်း ကုထုံးသစ်တစ်မျိုး သုတေသနပညာရှင်များ စမ်းသပ်နေကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများအရ သိရသည်။

စပိန်နိုင်ငံ အမျိုးသားကင်ဆာ သုတေသနအင်စတီကျူမှ သုတေသနပညာရှင်များသည် ဆေးသုံးမျိုးပေါင်း စမ်းသပ်ကုထုံးတစ်မျိုးဖြင့် ကြွက်များ၏ ပန်ကရိယ ကင်ဆာဆဲလ်များကို အလုံးစုံရှင်းလင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုထုံးသစ်သည် ပန်ကရိယ ကင်ဆာရောဂါဖြစ်စဉ် ၉၀ ရာခိုင်နှုန်းတွင် တွေ့ရသော KRAS Oncogene ခေါ် ဖောက်ပြန်နေသည့် မျိုးဗီဇတစ်မျိုးကို ပစ်မှတ်ထား ထိန်းချုပ်ခြင်းဖြင့် ပန်ကရိယ ကင်ဆာဆဲလ်များကို ရှင်းလင်း ဖျက်ဆီးပေးကြောင်း စပိန်သုတေသန ပညာရှင်များက ပြောကြားသည်။

KRAS Oncogene မျိုးဗီဇကြောင့် ပန်ကရိယကင်ဆာဆဲလ်များကြီးထွားလာပြီး အထိန်းအကွပ်မဲ့ ဖျားလာတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကြွက်များတွင် ပြုလုပ်ခဲ့သည့် စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များ၏ ခိုင်မာမှုမှာ လူသားလူနာများဖြင့် ကုထုံးကို လက်တွေ့စမ်းသပ်ရေးအတွက် လုံလောက်မှုရှိကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိတွင် ပန်ကရိယ ကင်ဆာသည် ကုသ၍မရနိုင်သည့် ကင်ဆာတစ်မျိုးဖြစ်နေပြီး လူနာများ၏ အသက်ရှင်နိုင်မှု အလားအလာမှာ ရောဂါရှာဖွေဖော်ထုတ်ချိန်မှစ၍ အများဆုံး ငါးနှစ်ထိ သာရှိတတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

Glp-1 အုပ်စုဝင်ဆေးများ သုံးစွဲမှုကြောင့် ပန်ကရိယရောင်ရမ်းမှု ပြဿနာပေါ်လာနိုင်

လန်ဒန် ဖေဖော်ဝါရီ ၂

Glp-1 အုပ်စုဝင် ကိုယ်အလေးချိန်လျှော့ချရေး ဆေးများသုံးစွဲမှုကြောင့် ပန်ကရိယရောင်ရမ်းမှု ပြဿနာ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Wegovy နှင့် Mounjaso ကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေးဆေးများကြောင့် Acute Pancreatitis ခေါ် ပန်ကရိယရောင်ရမ်းမှု ပြဿနာပေါ်လာနိုင်ခြေမြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Glp-1 အုပ်စုဝင်ဆေးများ သုံးစွဲမှုကြောင့် Acute Pancreatitis ဖြစ်နိုင်ခြေမှာ ယခင်တွေးထင်ထားသည်ထက် ပိုမြင့်မားနေကြောင်း၊ သို့ဖြစ်ရာ Glp-1 အုပ်စုဝင်ဆေးများ သုံးစွဲနေသူများအနေဖြင့် ဝမ်းဗိုက်နာကျင်၊ ပျို့အန်မှုများ ခံစားခဲ့ရပါက ဆရာဝန်များနှင့် ပြသရန် ဗြိတိန်သုတေသနပညာရှင်များ အကြံပြုထားသည်။

အဆိုပါ ပန်ကရိယရောင်ရမ်းမှု ပြဿနာသည် ပုံမှန်အားဖြင့်ဆေးရုံ၌ တက်ရောက်ကုသရန်လိုအပ်သည့်ကျန်းမာရေး ပြဿနာ တစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

နိုင်ငံတကာ အားကစားသတင်းများ

Bahrain Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဖရက်ဒီ ဆွတ်ခူး

မာနာမာ ဖေဖော်ဝါရီ ၂

ဘာရိန်းနိုင်ငံတွင် ကျင်းပခဲ့သည့် DP World Tour ဂေါက်သီးရိုက်ပြိုင်ပွဲအမျိုးအစားဖြစ်သည့် Bahrain Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျာမနီဂေါက်သီးရိုက်ကစားသမားဖရက်ဒီက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖရက်ဒီသည် နောက်ဆုံးနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ရိခ်နှင့်အတူ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲ ဦးဆောင်ခဲ့ကြသည့်အတွက် ချန်ပီယံအဆုံးအဖြတ် ခံယူရန် Play-off ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ နာမည်ကြီးကစားသမား ပက်ထရစ်ရိခ်ကို အနိုင်ရရှိခဲ့သည့် ဖရက်ဒီက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဖရက်ဒီက "အံ့အားသင့်စရာကောင်းတဲ့ အောင်မြင်မှုပါ။ ဘယ်လိုကြောင့် အခုလို အောင်မြင်မှုတွေ ရခဲ့သလဲဆိုတာကိုတော့ ဘာမှပြန်ပြီးဆန်းစစ်သွားဖို့အတွက် စိတ်ကူးမရှိသေးပါဘူး။ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာနေတာပဲသိပါတယ်။ ဘာတွေဖြစ်ကုန်ပြီလဲဆိုတာမျိုးလဲ တွေးနေတော့မှာ မဟုတ်ပါဘူး။ ကျွန်တော်သိတာကတော့ ကျွန်တော် အခုအရမ်းပျော်နေပါတယ်။ အခုလိုပျော်ရွှင်နေရတဲ့အခိုက်အတန့်မျိုးနဲ့ပဲ အချိန်အကြာကြီး ဖြတ်သန်းသွားချင်ပါတယ်။ အခုရခဲ့တဲ့ အောင်မြင်မှုကလဲ ရှေ့ဆက် အောင်မြင်မှုတွေရယူနိုင်ဖို့အတွက် ခြေလှမ်းအစပဲလို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ် ဆွတ်ခူး

မဲလ်ဘုန်း ဖေဖော်ဝါရီ ၂

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပခဲ့သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဆားဘီးယားတင်းနစ်ကစားသမား ကျိုကိုဗစ်တို့ယှဉ်ပြိုင်ခဲ့ရာ အယ်ကာရက်ဇ်က (၂-၆၊ ၆-၂၊ ၆-၃၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Deadspin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်အနေဖြင့် ဂရန်းစလန်းဆုဖလားကို ဆွတ်ခူးခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက် ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး စံချိန်မှတ်တမ်းကောင်းများကို လည်းရရှိခဲ့သည်။

အယ်ကာရက်ဇ် အနေဖြင့် တင်းနစ်လောကတွင် အဓိကပြိုင်ပွဲကြီးလေးရပ်၌ ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အယ်ကာရက်ဇ်သည် ကျိုကိုဗစ်ကို ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။

တတိယ ပွဲငယ်တွင်လည်း ပြတ်သားသည့်ရလဒ်ဖြင့် ထပ်မံအနိုင်ရခဲ့သော်လည်း စတုတ္ထပွဲစဉ်တွင် ကျိုကိုဗစ်က စွမ်းဆောင်ရည်ကောင်းများ ပြန်လည်ပြသခဲ့သည့်အတွက် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အယ်ကာရက်ဇ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကျိုကိုဗစ်သည် တင်းနစ်လောကတွင် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ရယူနိုင်မည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့ရသော်လည်း ပြိုင်ဘက်ကစားသမားဖြစ်သူ အယ်ကာရက်ဇ်၏ အောင်မြင်မှုအတွက် ချီးကျူးခဲ့သည်။

ကျိုကိုဗစ်က "ကျွန်တော့်အနေနဲ့ ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲရဲ့ ဆုပေးပွဲအခမ်းအနားမျိုးမှာ အခုလိုမျိုး တက်ရောက်ခွင့်ရဖို့ မသေချာတော့ပါဘူး။ ကျွန်တော် အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လဲ အယ်ကာရက်ဇ်က ချန်ပီယံဆုနဲ့ ထိုက်တန်ခဲ့ပါတယ်။ သူ့အသက် အခုမှ ငယ်ငယ်လေး ရှိသေးတယ်။ ဒါပေမဲ့လဲ ရရှိထားတဲ့ အောင်မြင်မှုတွေက မယုံကြည်နိုင်လောက်အောင်ပါပဲ။ အခု ဩစတြေးလျမှာ သူလုပ်ပြနိုင်ခဲ့တာက တကယ့်ကို သမိုင်းဝင်မဲ့လုပ်ဆောင်ချက်ပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Deadspin

Trs : AZL

ပရီးမီးယားလီဂ်ပြိုင်ပွဲတွင် အွန်နရီ၏ တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးစံချိန်ကို ဗာနန်ဒက် လိုက်မီနိုင်ရန်နီးစပ်နေ

လန်ဒန် ဖေဖော်ဝါရီ ၂

မန်ယူအသင်း ကွင်းလယ်ကစားသမား ဗာနန်ဒက်သည် ဖူလ်ဟမ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ပရီးမီးယားလီဂ်ပြိုင်ပွဲတွင် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ်ရပ်တည်နေသည့် အာဆင်နယ်အသင်း ကစားသမားဟောင်း အွန်နရီ၏စံချိန်ကို လိုက်မီနိုင်ရန် နီးစပ်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းက ဖူလ်ဟမ်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဗာနန်ဒက်သည် အသင်းဖော်များ ဖြစ်ကြသည့် ကက်စ်မဲရိုးနှင့် ကွန်ဟာတို့၏ သွင်းဂိုးများကို ဖန်တီးမှု ပြုလုပ်ခဲ့ပြီးနောက် ဂိုးဖန်တီးမှု ၁၂ကြိမ်ထိရှိလာခဲ့ကာ အွန်နရီ၏ စံချိန်ကို လိုက်မီနိုင်ရန် နီးစပ်နေခြင်း ဖြစ်ကြောင်း သိရသည်။

ပရီးမီးယားလီဂ် ပြိုင်ပွဲတွင် တစ်ရာသီအတွင်း ဂိုးဖန်တီးမှု အများဆုံး ကစားသမားအဖြစ် အာဆင်နယ်အသင်း ကစားသမား ဟောင်းအွန်နရီက အကြိမ် ၂၀ ဖြင့် စံချိန်တင်ထားခြင်းဖြစ်ပြီး ဗာနန်ဒက်သည် ၁၂ကြိမ်ထိ ရှိလာခဲ့သည့်အတွက် အွန်နရီ၏စံချိန်ကို လိုက်မီရန် ရှစ်ကြိမ်သာ လိုအပ်တော့ပြီး ပွဲကစားရန်လည်း ၁၄ ပွဲထိ ကျန်ရှိနေသည့်အတွက် လိုက်မီနိုင်ရန် မျှော်လင့်ချက်ရှိနေခြင်း ဖြစ်သည်။

ဗာနန်ဒက်သည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလီဂ် ပြိုင်ပွဲ ဂိုးဖန်တီးမှု အများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နေကြောင်း သိရသည်။

Ref : Goal.com

Trs : STA

အာဆင်နယ်အသင်းမှ မီရိုနို ခြေဖမိုးခွံစိတ်ကုသမှု ခံယူရမည်ဖြစ်သည့်အတွက် ရာသီကုန်ထိအနားယူရမည်

လန်ဒန် ဖေဖော်ဝါရီ ၂

အာဆင်နယ်အသင်း အဓိက ကွင်းလယ်ကစားသမား မီရိုနိုသည် မန်ယူအသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ခြေဖမိုးဒဏ်ရာကြောင့် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သည့် အတွက် ယခုနှစ် ဘောလုံးရာသီ အကုန်ထိ အနားယူရမည်ဟု One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် မီရိုနိုသည် ခြေဖမိုးဒဏ်ရာရရှိခဲ့သော်လည်း ပွဲပြီးဆုံးချိန်ထိ ဆက်လက်ကစားခဲ့ပြီး ပွဲစဉ်အပြီးတွင် ဆေးစစ်မှုများ လုပ်ဆောင်ခဲ့ရာ ဒဏ်ရာမှာ ခွဲစိတ်ကုသမှု ခံယူရမည့်အခြေအနေကြောင့် ရာသီကုန်ထိ အနားယူရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

မီရိုနိုသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်း၏အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်နေသူဖြစ်ပြီး မန်ယူအသင်းနှင့် ပွဲစဉ်တွင်လည်း သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့ကာ ရာသီကုန်ထိ အနားယူရမည့် အခြေအနေများကြောင့်အာဆင်နယ်အသင်း ကွင်းလယ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိသည်။

မီရိုနိုသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၁ ပွဲတွင် သွင်းဂိုး ခြောက်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

Ref : One Football

Trs : STA

၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆုကို စပါးအသင်းမှ ဆိုလန်ကီ ဆွတ်ခူးနိုင်ရန်ရေပန်းစားနေ

လန်ဒန် ဖေဖော်ဝါရီ ၂

ပရီးမီးယားလီဂ်ပြိုင်ပွဲ ပွဲစဉ်(၂၄) အဖြစ်ကစားခဲ့သည့် စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် သွင်းယူခဲ့သည့် ဒုတိယမြောက် သွင်းဂိုးဖြင့် စပါးအသင်း တိုက်စစ်ကစားသမား ဆိုလန်ကီသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး သွင်းဂိုးဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ဆိုလန်ကီသည် ပွဲချိန် မိနစ် ၇၀ တွင် အသင်းဖော် ဂယ်လာဟာ ဖြတ်တင်ပေးခဲ့သည့် ဘောလုံးကို ကင်းမြီးကောက်ကန်ချက်ဖြင့် လှလှပပ သွင်းယူခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်ကမ္ဘာ့အကောင်းဆုံး သွင်းဂိုးဆုအတွက် ရေပန်းစားနေခြင်းဖြစ်သည်။

ဆိုလန်ကီကဲ့သို့ ၂၀၁၇ ခုနှစ်က အာဆင်နယ်အသင်းနှင့် ပဲလေ့စ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အာဆင်နယ်အသင်း ကစားသမား ဟောင်း ဂီရော့ဒ်သည် ပဲလေ့စ်အသင်းဘက်သို့ ကင်းမြီးကောက်ကန်ချက်ဖြင့် ဂိုးသွင်းယူခဲ့ပြီးနောက် အဆိုပါသွင်းဂိုးဖြင့် ၂၀၁၇ ခုနှစ် ကမ္ဘာ့အကောင်းဆုံး သွင်းဂိုးဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ ဆိုလန်ကီသည် ဂီရော့ဒ်ကဲ့သို့ ပုံစံတူ ကင်းမြီးကောက်သွင်းဂိုး သွင်းယူခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး သွင်းဂိုးဆုအတွက် ရေပန်းစားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

AFC/MFF "B" Diploma Coaching Course
နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

အာရှ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC/MFF "B" Diploma Coaching Course နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ Mr. Michiteru Mita၊ သင်တန်းနည်းပြဆရာ ဦးညီညီလတ်၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ Mr. Michiteru Mita၊ သင်တန်းနည်းပြဆရာ ဦးညီညီလတ်တို့က အဖွင့်အမှာစကားနှင့် နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက် လာကြသူများနှင့် သင်တန်းသား၊ သင်တန်းသူများက စုပေါင်း အမှတ်တရဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

AFC/MFF "B" Diploma Coaching Course နည်းပြသင်တန်း Part-1 ကို ယနေ့မှ စတင်ပြီး ဖေဖော်ဝါရီ ၁၀ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ဦးရေ ၂၀၊ သင်တန်းသူလေးဦး၊ စုစုပေါင်း ၂၄ ဦး တက်ရောက် သင်ကြားကြမည် ဖြစ်ကြောင်း သိရသည်။

STA

ပရီးမီးယားလီဂ်ပြိုင်ပွဲတွင် အိမ်ကွင်းဂိုးပါဝင်ပတ်သက်မှု အများဆုံးကစားသမားအဖြစ် ဆာလာဟ် မှတ်တမ်းဝင်

လန်ဒန် ဖေဖော်ဝါရီ ၂

လီဗာပူးအသင်း တိုက်စစ် ကစားသမား ဆာလာဟ်သည် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ပရီးမီးယားလီဂ်ပြိုင်ပွဲတွင် အိမ်ကွင်းဂိုးပါဝင်ပတ်သက်မှု အများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းက နယူးကာဆယ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ဆာလာဟ်သည် ပွဲချိန် ၆၇ မိနစ်တွင် အသင်းဖော် ဖလိုရီယန်ဝက်ဇ်၏ သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ခဲ့ပြီးနောက် စံချိန်ကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် ပရီးမီးယားလီဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်း အိမ်ကွင်း Anfield အားကစားကွင်း၌ သွင်းဂိုး ၁၀၇ ဂိုးထိ သွင်းယူထားသကဲ့သို့ ဂိုးဖန်တီးမှုလည်း ၄၅ ကြိမ် ပြုလုပ်ထားကာ ဂိုးပါဝင်ပတ်သက်မှု ၁၅၂ ကြိမ် ရှိလာခဲ့သည့်အတွက် မန်ယူအသင်း ကစားသမားဟောင်း ရွန်းနီနှင့် အာဆင်နယ်အသင်း ကစားသမားဟောင်း အွန်နရီတို့၏ စံချိန်ကိုကျော်ဖြတ်ပြီး အိမ်ကွင်းဂိုးပါဝင်ပတ်သက်မှု အများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျက်စတင်ရို့စ် ဆွတ်ခူး

ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၂

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုမြို့တွင် ကျင်းပခဲ့သည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဂျက်စတင်ရို့စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်စတင်ရို့စ်သည် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် wire-to-wire စနစ်ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သကဲ့သို့ တိုက်ဂါးဝုဒ်၏ စံချိန်ကို ကျော်ဖြတ်ကာ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အများဆုံး လျော့ရိုက်နိုင်သည့် ကစားသမား အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်စီဝူ၊ ဂျပန် ဂေါက်သီးရိုက်ကစားသမား ဟီဆက်ဆူနီ၊ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကော့ဒီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

ဂျက်စတင်ရို့စ် အနေဖြင့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက် ၄၅ နှစ်ရှိ ဂျက်စတင်ရို့စ် အနေဖြင့် PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲအမျိုးအစားတွင် ၁၅ နှစ်တာကာလအတွင်း wire-to-wire စနစ်ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် အသက်အကြီးဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျက်စတင်ရို့စ်က "တကယ်ကို ဂုဏ်ယူစရာကောင်းတဲ့ မှတ်တမ်းတွေနဲ့ အောင်မြင်မှုရခဲ့ပါတယ်။ ကျွန်တော် အကောင်းဆုံးလုပ်နိုင်ခဲ့တယ်ဆိုပေမဲ့လဲ ကျွန်တော့်ထက် ပိုကောင်းအောင်လုပ်နိုင်တဲ့ ပြိုင်ပွဲဝင်တွေ အများကြီးရှိနေသေးတယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့် အတွက်တော့ ၂၀၂۶ ခုနှစ် ရာသီအစဟာ အဖွင့်လှသွားပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

လိဂ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ် ပွဲကြိုသုံးသပ်ချက်

ML

အာဆင်နယ် Vs ချဲလ်ဆီး

ကစားမည့်ရက်/အချိန် ၄-၂-၂၀၂۶ (နံနက် ၂:၃၀ နာရီ)

ပထမအကျော့ရလဒ်

ချဲလ်ဆီး ၂ - ၃ အာဆင်နယ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အာဆင်နယ်	-	အိမ်(ရှုံး)	အိမ်(နိုင်)	ဝေး(နိုင်)
ချဲလ်ဆီး	-	ဝေး(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)

အာဆင်နယ်အသင်းအနေနဲ့ ပရီးမီးယားလိဂ်အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ပိုင်းနဲ့ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေသလို ပထမအကျော့ အဝေးကွင်းမှာလဲ ချဲလ်ဆီးအသင်းကို အသာစီးရယူကစားထားပြီး အနိုင်ရရှိထားပါတယ်။ လက်ရှိမှာ ချဲလ်ဆီးအသင်းတိုက်စစ်ပိုင်းထက် မြင့်နေတယ်ဆိုပေမဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်နေတဲ့ အာဆင်နယ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - အာဆင်နယ် ၁ - ၀ ချဲလ်ဆီး

စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲကြိုသုံးသပ်ချက်

ML

အယ်ဘာစီးတီး Vs ဘာစီလိုနာ

ကစားမည့်ရက်/အချိန် ၄-၂-၂၀၂۶ (နံနက် ၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မရှိ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အယ်ဘာစီးတီး	-	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)
ဘာစီလိုနာ	-	အိမ်(နိုင်)	အိမ်(နိုင်)	ဝေး(နိုင်)

စပိန်လာလီဂါ-၂ ကလပ် အယ်ဘာစီးတီးအသင်းဟာ နောက်ဆုံးလေးပွဲဆက်အနိုင်ရထားသလို ရီးရဲလ်မက်ဒရစ်အသင်းကို အနိုင်ရကာ ဒီအဆင့်တက်ရောက်လာခဲ့တဲ့အသင်းပါ။ ဒါပေမဲ့ စပိန်ထိပ်သီးကလပ် ဘာစီလိုနာလိုအသင်းကိုတော့ အနိုင်ရရှိဖို့ ခက်ခဲနေဦးမှာပါ။ ဒါ့ကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းနဲ့ ကစားသမားပိုင်းမှာ အသာရနေတဲ့ ဘာစီလိုနာ အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - အယ်ဘာစီးတီး ၁ - ၃ ဘာစီလိုနာ

ပြင်သစ်ကိုပါဒယ်ရေးဖလား ၁۶ သင်းဆင့် ပွဲကြိုသုံးသပ်ချက်

ML

ရိမ်း Vs လီမန်း

ကစားမည့်ရက်/အချိန် ၄-၂-၂၀၂۶ (နံနက် ၂:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ရိမ်း ၁ - ၀ လီမန်း

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ရိမ်း	-	ဝေး(ရှုံး)	အိမ်(နိုင်)	ဝေး(နိုင်)
လီမန်း	-	ဝေး(သရေ)	အိမ်(နိုင်)	ဝေး(နိုင်)

ရိမ်းနဲ့ လီမန်းအသင်းတို့ဟာ ပြင်သစ်လီဂူး-၂ ကလပ်အသင်းချင်း ဒီအဆင့်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ရိမ်းအသင်းအနေနဲ့ နောက်ဆုံးနှစ်ပွဲဆက် အနိုင်ရထားပြီး တိုက်စစ်ပိုင်းကောင်းမွန်နေသလို လီမန်းအသင်းအနေနဲ့လဲ အမှတ်ပေးနှစ်ပွဲဆက် အနိုင်ရထားတာကို တွေ့ရပါတယ်။ ရိမ်းအသင်းအနေနဲ့ တွေ့ဆုံမှုတိုင်းမှာ အသာရနေတယ်ဆိုပေမဲ့ လီမန်းအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ခန့်မှန်းရလဒ် - ရိမ်း ၀ - ၁ လီမန်း

လုပ်ရင်ဖြစ်ပါတယ်

ဗညားကျန်းထော

ကမ္ဘာပေါ်မှာနေထိုင်ကြတဲ့ လူဦးရေဟာ ၂၀၂၅ ခုနှစ်မှာ သန်းပေါင်း ၈၀၀၀ ကျော်ရှိလောက်တယ်လို့ မှတ်သားခဲ့ဖူးတယ်။ သေချာအောင် ကိန်းဂဏန်းအနီးစပ်ဆုံးသိနိုင်တဲ့ ဂူးဂဲလ်အင်တာနက်ကို မေးကြည့်လိုက်ပါတယ်။ **"၂၀၂၆ ခုနှစ် (ယနေ့အချိန်)မှာ တစ်ကမ္ဘာလုံးရှိ လူဦးရေဟာ သန်းပေါင်း ၈၂၀၀ မှ ၈၃၀၀ ကျော်ရှိနေပါတယ်"** တဲ့။ လူဖြူ၊ လူမည်း၊ လူဝါ၊ လူညိုမခွဲတမ်း၊ လူသား ကြီး၊ ငယ်၊ ကျား၊ မ အားလုံးဟာ သန်းပေါင်း ၈၃၀၀ (သန်းရှစ်ထောင့်သုံးရာ)အရေအတွက်ရှိနေပါပြီ။ စာဖတ်သူလည်း အပါအဝင်၊ စာရေးသူလည်း အပါအဝင်ပေါ့။

ကိုယ်က အာရှတိုက်သားဆိုတော့ အာရှတိုက်မှာကော လူဦးရေဘယ်လောက်ရှိသလဲသိချင်လို့ ထပ်မေးလိုက်ပါတယ်။ ဂူးဂဲလ်ကဖြေတယ်။ **အာရှတိုက်မှာ လူဦးရေက သန်းပေါင်း ၄၈၃၀ နေထိုင်ကြပါတယ်**တဲ့။ လွယ်လွယ်မှတ်ရင် အာရှတိုက်ကြီးပေါ်မှာ လူသားပေါင်းအားလုံးရဲ့ ထက်ဝက်ကျော်ကျော်ရှိနေတာပေါ့။ ဟုတ်တယ်လေ။ တရုတ်နိုင်ငံမှာ သန်းပေါင်း ၁၄၀၀ ကျော်။ အိန္ဒိယမှာလည်း လူဦးရေ သန်းပေါင်း ၁၄၀၀ ကျော်။ မိမိတို့ရဲ့အိမ်နီးချင်းခြံစည်းရိုးကပ်နေတဲ့ နိုင်ငံကြီး နှစ်နိုင်ငံမှာတင် တို့အိမ်ဘေးက လူသန်းပေါင်း ၂၈၀၀ ကျော်။ မြန်မာလူဦးရေက ၅၁ သန်းကျော်ကျော်လေးသာ။ ကြည့်နော်။ လူဦးရေအများဆုံးအာရှတိုက်ကြီးပေါ်မှာ မိမိတို့နေထိုင်လာခဲ့တယ်။ ဘေးနား နှစ်နိုင်ငံက လူဦးရေ သန်းပေါင်း ၁၄၀၀ လောက်အသီးသီးရှိကြတဲ့ကြားမှာ ၅၁ သန်းသာ လူအင်အားရှိတဲ့မြန်မာ။ ကမ္ဘာ့လူဦးရေ သန်းရှစ်ထောင်ကျော်မှာ သန်း ၄၈၃၀ ရှိနေတဲ့အာရှတိုက်မှာ ငါတို့တိုင်းပြည်။

လူဦးရေကသာနည်းတာနော် အကျယ်အဝန်းက ဂျပန်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့ထက် နှစ်ဆလောက်ကျယ်ဝန်းပါသေးဗျား။ သမိုင်းအစဉ်အဆက် မြန်မာလူမျိုးတွေဟာ လူဦးရေနည်းနည်းလေးနဲ့ ရေခဲတောင်တွေ၊ ကုန်းပြင်မြင့်တွေ၊ မြေနိမ့်လွင်ပြင်တွေ၊ မြစ်ဝကျွန်းပေါ်ဒေသနဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ သစ်တော၊ ဝါးတောအမျိုးမျိုးလည်းရှိတဲ့ ပင်လယ်ကမ်းခြေအလျားမိုင် ၁၄၀၀ လောက်ရှည်လျားတာ (ကီလိုမီတာအနေနဲ့ ၁၉၀၀ ခန့်)ပိုင်ဆိုင်ထားတယ်။ ရှေးမြန်မာတွေ ဘုန်းတန်ခိုးကြီးမားခဲ့တဲ့လူမျိုးဆိုတာ ရာဇဝင်မှာစာတင်စရာအထင်အရှားပါပဲလား။

မြင်သာအောင်နှိုင်းယှဉ်ပြရရင် ယခင်က အရှေ့ပါကစ္စတန်ဆိုတာ ယခု **ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်နေတဲ့ တိုင်းပြည်ရဲ့ ၅ ဆ(၇၊ဆ) ကျယ်ဝန်းပါတယ်။** မြန်မာပြည်ဟာ အာဆီယံနိုင်ငံတွေထဲမှာ ကျွန်းတွေထောင်ချီများတဲ့ အင်ဒိုနီးရှားကလွဲရင် အဖွဲ့ဝင် ၁၁ နိုင်ငံထဲမှာ **နိုင်ငံဧရိယာနယ်နိမိတ်အကျယ်ဝန်းဆုံးမြန်မာပဲ။**

ဒါဆိုရင် မြန်မာနိုင်ငံ မြန်မာလူမျိုးဆိုတာဟာ ပထဝီအရ၊ သမိုင်းကြောင်းအရ ထက်မြက်ရဲရင့်ပြီး စွမ်းရည်မြင့်မားကြတဲ့လူမျိုးဆိုတာ သိသာထင်ရှားပါရဲ့။ သို့တစေ...ရွှေမှန်ကင်း၊ စိန်မှန်ကင်းအဖြစ်မှ ထင်းဖြစ်ခဲ့ရသလို အင်္ဂလိပ်နယ်ချဲ့အရင်းရှင်ရဲ့ လက်အောက်သို့ ၆၂ နှစ်နဲ့ သုံးရက်လောက် သူ့ကျွန်ဘဝကျရောက်ခဲ့ရတယ်။

ကြံ့ဖန်ပြီး ကိုယ့်လူမျိုးကိုယ့်အဆိုးထဲက အကောင်းကြံ့ဖန်ဂုဏ်ယူရမှာကတော့ ပဒေသရာဇီစနစ်ခေတ်မှ နယ်ချဲ့အရင်းရှင်စနစ်သမိုင်းရေစီးကြောင်းအရ လက်အောက်ခံဘဝကျရောက်အောင် နယ်ချဲ့အရင်းရှင် အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ ပေါ်တူဂီ စတဲ့ ဥရောပက အပြိုင်အဆိုင်အလု အယက်အနှိုင်ကျင့်၊ ဗိုလ်ကျ၊ သိမ်းပိုက်ကျွန်ပြုခံကြရတဲ့အချိန်မှာ ကျူးကျော်သူက လေး၊ ငါး၊ ခြောက်လ တိုက်လိုက်တာနဲ့ အညံ့ခံအရှုံးပေးကြရတာ အာရှ၊ အာဖရိကနိုင်ငံပေါင်း ၃၀၊ ၄၀၊ ၅၀ လောက်ပါပဲ။ တစ်နှစ်မကြာရှုံးတာပဲ။

မြန်မာကတော့ ကျူးကျော်သူအင်္ဂလိပ်နယ်ချဲ့ကို ၁၈၂၄ မှာတစ်ကြိမ်၊ ၁၈၅၂ မှာ နောက်တစ်ကြိမ်နဲ့ ၁၈၈၅ မှာ နောက်ဆုံးအကြိမ် သုံးကြိမ်တိုင်တိုင် ၆၂ နှစ်မျှကြာအောင် အညံ့မခံ အလံမလဲ၊ ခုခံတွန်းလှန်တိုက်ခိုက်ခဲ့တဲ့လူမျိုးက ကမ္ဘာမှာ မြန်မာပါပဲ။

အချို့က သူ့ကျွန်ဘဝကျရောက်ရတာဟာ မင်းတုန်းမင်းက မိဖုရားတွေအများကြီးယူလို့ သားတော်တွေများတော့ အိမ်ရှေ့နေရာမထားဘဲ နန်းလုကြလို့ပြောသူကပြော။ ကနောင်မင်းသားလို တော်တဲ့၊ ထက်မြက်တဲ့ခေါင်းဆောင် လုပ်ကြံခံရလို့ သာ ကျွန်ဖြစ်ရတာ ဆိုသူဆို။ သီပေါဘုရင်ညံ့ဖျင်းလို့၊ မိဖုရားစုဖုရားလတ်က နေရာတကာ မင်းအပေါ် ရှုံးတာ။ ဘုရားရှင်ဟောခဲ့တာ။ သိပ်မှန်တာပေါ့။ ချမ်းသာချင်ရင် အင်အားကောင်းရမှာပေါ့။ အင်အားကောင်းချင်ရင် တစ်တောတစ်ကြက်ဖ တွန်မနေနဲ့ လေ။ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်အပြန်အလှန်လေးစားယုံကြည်၊ ချစ်ခင်၊ စောင့်ရှောက်ကြမှ ချမ်းသာဖွံ့ဖြိုးအောင် ထူထောင်နိုင်မယ်လေ။ အမြင်မကျဉ်းကြပါနဲ့။ သဘောထားကြီးကြပါ။ အမှားအယွင်း၊ အပြစ်အနာအဆာတွေကို ရှာကြံ့ကြည့်မနေကြပါနဲ့။ အပြန်အလှန်တန်ဖိုးထား၊ လေးစားကြရမယ်။ မေတ္တာနဲ့ဖွဲ့နှောင်ခဲ့တဲ့ ရာဇဝင်သမိုင်းတစ်လျှောက်မှာ သူ့လူမျိုး၊ ကိုယ့်လူမျိုး သွေးမကွဲတော့ အေးချမ်းသာယာတဲ့၊ ဖွံ့ဖြိုးစည်ပင်တဲ့၊ ကျောင်းကန်၊ ဘုရား၊ ပွဲလမ်းသဘင်များနဲ့ ၁၂ ရာသီ တစ်နှစ်ပတ်လုံး ကခုန်ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ မိမိတို့ရဲ့ လူ့အဖွဲ့အစည်းအစဉ်အလာပါ။

> **❖ ငွေကြေးပစ္စည်းဥစ္စာဆင်းရဲတာထက် အသိဉာဏ်ပညာ ဆင်းရဲနုံချာခဲ့တာဆိုးလှပါရဲ့ကွယ်။ မိမိတို့နိုင်ငံမှာ အဘက်ဘက်က ခေတ်မီအောင်၊ တိုးတက်အောင် အများကြီးကြိုးစားကြရမှာပါ။ လူငယ်တွေဟာ အတတ်ပညာ၊ နည်းပညာကို လက်ကိုင်ဖုန်း၊ လက်တော့တို့မှာ လေ့လာသင်ယူ၊ လေ့ကျင့်ရင် ရနိုင်နေတဲ့ခေတ်မှာ အင်္ဂလိပ်စာကို တတ်ကျွမ်းအောင် လေ့ကျင့်ကြရပါမယ်။ မြန်မာစာတောင် စာလုံးပေါင်းသတ်ပုံမှန်အောင်မရေးတတ်အောင် နိမ့်ကျနေကြပေမယ့် မိမိကိုယ်တိုင် ရူးသူ၊ အသူမဟုတ်ရင် ကြိုးစားသလောက် ခရီးရောက်တဲ့ သတင်းနည်းပညာခေတ်ကြီးပါ။ ❖**

ဘာသာတရားအဆုံးအမနဲ့ ယဉ်ကျေးသိမ်မွေ့ကြတယ်။ ဒေါသထက် မေတ္တာရဲ့တန်ဖိုးကို ပိုနားလည်ကြပါတယ်။ မေတ္တာနဲ့ဆက်ဆံမှ တစ်မိသားစုတစ်အိမ်ထောင်ကစလို့ သာယာပျော်ရွှင်တယ်လေ။ မေတ္တာရဲ့အသံ၊ မေတ္တာရဲ့ရနံ့၊ မေတ္တာတရားရဲ့ စွမ်းအားနဲ့ လူလူချင်းလေးစားခင်မင်ရမှာလေ။

လူလူချင်းသွေးကွဲပြီးနေကြတော့ ဘယ်မှာသာယာပျော်ရွှင်နိုင်မှာလဲ။ အသိဉာဏ်ဦးစီးပြီး ပတ်ဝန်းကျင်အိမ်နားနီးချင်းတွေကိုလည်း လှည့်ပတ်အကဲခတ်ကြည့်လိုက်ပါဦး။

တရုတ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် စသဖြင့် နိုင်ငံများကို လေး၊ ငါး၊ ခြောက်ခေါက်ရောက်ခဲ့ဖူးပါတယ်။ တစ်ခါထက်တစ်ခါ လေး၊ ငါးနှစ်အတွင်းမှာ မြို့တွေ၊ လမ်းတွေ၊ စက်ရုံတွေ၊ လုပ်ငန်းကြီးတွေ၊ တိုက်တာအိမ်ခြေ အနှစ် ၃၀၊ ၄၀ အတွင်း ပြောင်းလဲတိုးတက်လိုက်ကြတာ။ အားကျစရာပါလေ။

မီးလောင်မြေငုတ်တိုပြာပုံတွေပဲ မြင်ရတာကတော့ မိမိတို့ရဲ့အမိမြေသာ။

ပကတိအခြေအနေဟာ ရင်နာစရာလည်းကောင်းတယ်။ မြင်နေရတာ ကြေကွဲစရာလည်းကောင်းပေတယ်။ ဒီခေတ်ဒီအခါလောက် အသိဉာဏ်နိမ့်တဲ့၊ အသိအမြင်နည်းတဲ့ ငါတို့လူတွေဟာ ညံ့ဖျင်းလွန်းလို့ ရှက်မိပါရဲ့ဗျာ။ ငါလည်းအသုံးမကျပါလားကွာ။

ခေတ်ဆိုတာက လှိုင်းအနိမ့်အမြင့်လိုပါ။ ကျပြီးရင် တက်ကြတာပါပဲ။ တရုတ်လူမျိုး၊ အိန္ဒိယလူမျိုး (နှိမ်တာမဟုတ်ပါ) လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၊ ၅၀ က ၁၉၈၀ ပြည့်နှစ်ကာလမတိုင်မီမှာ ကျေးလက်တောရွာ လူများစုက ဆင်းရဲကြတယ်။ တရုတ်ပြည်မှာ အငတ်ဘေးကြီးကျရောက်လို့ လူဦးရေ သန်း ၄၀၊ ၅၀ အစာရေစာမလုံလောက်ဖြစ်ခဲ့ရတယ်။

ခေါင်းဆောင်တိန်ရှော်ပင်လက်ထက်မှာ စီးပွားရေးကောင်းအောင် စနစ်တကျမျိုးထောင်ပြောင်းလဲလိုက်ပါမှ နာလန်ထပြီး ယနေ့ဆို ကမ္ဘာ့အင်အားကြီးနိုင်ငံပင်ဖြစ်နေပါပြီ။ ပုံပြင်ဆန်တဲ့ တကယ့်လက်တွေ့ဖြစ်ရပ်ဟာ တရုတ်ပြည်သူ့သန်းပေါင်းများစွာရဲ့ ချွေးနဲ့ လုပ်အားနဲ့ညီညီညာညာရုန်းခဲ့ကြတဲ့အကျိုးကြောင့် ၂၁ ရာစုမှာတော့ ဝက်ဘ်ဆိုက်၊ အီးမေး၊ လက်တော့၊ ကွန်ပျူတာ၊ အင်တာနက်ခေတ်၊ အွန်လိုင်းခေတ်၊ နိုင်ငံတကာက အဖိုးတန်အိုင်ဒီယာတွေဟာ ယနေ့ကျေးလက်နေ တရုတ်လူငယ်တွေလက်ထဲရောက်နေပေါ့ဗျာ။ အင်တာနက်ကုမ္ပဏီတွေဖွင့်ကြ၊ ဝန်ဆောင်မှုတွေလုပ်ဆောင်ကြ။ ခရစ်နှစ် ၂၀၀၀ ကျော်လာတော့ အင်တာနက်ကုမ္ပဏီပေါင်းမှိုလိုပေါက်ကာ တစ်သောင်းခွဲလောက်ရှိသတဲ့။ ယခုဆို တစ်သိန်းခွဲတောင်ကျော်ရောပေါ့။

အင်တာနက်ရဲ့အကျိုးဆက်ကို တရုတ်သာလျှင် အကျိုးရတာမဟုတ်ဘူး။ အင်္ဂလိပ်စာပိုမိုတော်တဲ့ အိန္ဒိယနိုင်ငံသားတွေရဲ့ ဆီလီကွန်တောင်ကြားအိန္ဒိယနွယ်ဖွား ကွန်ပျူတာပညာရှင်ပေါင်းများစွာဟာ အရေအတွက်သာ ကမ္ဘာအနှံ့လွှမ်းမိုးရုံမက ယနေ့ ကမ္ဘာ့ထိပ်တန်း အေအိုင်ကုမ္ပဏီကြီးတွေရဲ့ လခအများဆုံးရကြတဲ့ အမှုဆောင်အရာရှိချုပ်တွေဟာအိန္ဒိယလူမျိုးတွေချည်းပဲ။ ကြည့်စမ်းပါဦး။ အမေရိကန်မှာ၊ အင်္ဂလန်မှာ ထိပ်တန်းသူဌေးတွေ၊ အရာရှိကြီးတွေဟာ(အင်္ဂလန်မှာ ရီရှီဆူနက်ဆိုတဲ့ ဝန်ကြီးချုပ်ဟာ အိန္ဒိယနွယ်ဖွားပဲဗျာ)အိန္ဒိယန်းတွေသာ။

၂၁ ရာစုဟာ ပညာခေတ်ပါ။ အတတ်ပညာ၊ နည်းပညာခေတ်ကြီးပါ။ ရှေ့မျိုးဆက်ခေတ်မှာ မွဲတေခဲ့တဲ့ တရုတ်လူမျိုးတွေ၊ အိန္ဒိယလူမျိုးတွေဟာ ဒစ်ဂျစ်တယ်၊ ကွန်ပျူတာခေတ်မှာ လူငယ်တွေ ပညာမြင့်တော့ ကမ္ဘာ့အလယ်မှာ လူရာဝင်ကြတယ်။

ငွေကြေးပစ္စည်းဥစ္စာဆင်းရဲတာထက် အသိဉာဏ်ပညာ ဆင်းရဲနုံချာခဲ့တာ ဆိုးလှပါရဲ့ကွယ်။ မိမိတို့နိုင်ငံမှာ အဘက်ဘက်ကခေတ်မီအောင်၊ တိုးတက်အောင် အများကြီးကြိုးစားကြရမှာပါ။

လူငယ်တွေဟာ အတတ်ပညာ၊ နည်းပညာကို လက်ကိုင်ဖုန်း၊ လက်တော့တို့မှာ လေ့လာသင်ယူ၊ လေ့ကျင့်ရင် ရနိုင်နေတဲ့ခေတ်မှာ အင်္ဂလိပ်စာကို တတ်ကျွမ်းအောင် လေ့ကျင့်ကြရပါမယ်။

မြန်မာစာတောင် စာလုံးပေါင်းသတ်ပုံမှန်အောင် မရေးတတ်အောင် နိမ့်ကျနေကြပေမယ့် မိမိကိုယ်တိုင် ရူးသူ၊ အသူမဟုတ်ရင် ကြိုးစားသလောက် ခရီးရောက်တဲ့**သတင်းနည်းပညာခေတ်ကြီးပါ။** ဒီလောက်ကောင်းတဲ့အခွင့်အရေး၊ အခွင့်အလမ်းကာလမျိုးမှာ **အတတ်ပညာသော့ချောင်း**ကိုမသုံးဘဲ လက်သီးနဲ့ ထုလိုက်၊ ခြေထောက်နဲ့ဆောင့်ကန်လိုက် "ပြောင်းလဲရေးတံခါးပေါက်"ကို လွဲမှားစွာအကြမ်းဖက်ကြိုးစားနေရင်တော့ မရနိုင်ပါ။ ပညာရဲ့တန်ဖိုးကိုသိပြီး နည်းမှန်လမ်းမှန်လုပ်ပါ။

ပထဝီသဘောအရလည်း ဖော်ပြခဲ့ပါပြီ။ လူမျိုးရဲ့ သမိုင်းနဲ့ အစဉ်အလာလည်း တင်ပြခဲ့ပါပြီ။ နိုင်ငံတကာအခြေအနေနဲ့လည်း ဆွေးနွေးခဲ့ပါပြီ။ စည်းစည်းလုံးလုံးညီညီညာညာနဲ့ အားသစ်အင်သစ်စုစည်းပြီး ပညာခေတ်၊ သတင်းနည်းပညာခေတ် ရောက်နေချိန်မှာ အတတ်ပညာရှိဖို့ရာ ကြိုးစားကြဖို့သာ အရေးကြီးကြောင်း မီးမောင်းထိုးပြခဲ့ပါပြီ။

တိုးတက်တဲ့ခေတ်ကို ထူထောင်ရန် တကယ်တော့မခက်ခဲပါ။ ဟုတ်တယ်လေ။ လုပ်ရင်ဖြစ်ပါတယ်ဆိုတဲ့အချက်နဲ့ နိုဂုံးချုပ်ပါရစေ။ စဉ်းစားသုံးသပ်ကြပါလေ။

အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၌ မြန်မာ့သနပ်ခါးပွဲတော်ကို တပို့တွဲလပြည့်နေ့တွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၌ မြန်မာ့သနပ်ခါးပွဲတော်ကို တပို့တွဲလပြည့်နေ့ ဖေဖော်ဝါရီ ၁ ရက်တွင် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ မြန်မာ့သနပ်ခါး ပွဲတော်အား စီစဉ်သူ ဒေါ်စမ်းစမ်းမြင့်က ပြောပြသည်။

အဆိုပါ မြန်မာ့သနပ်ခါး ပွဲတော်ကို သနပ်ခါးချစ်သူများက မြန်မာ့သနပ်ခါး ပွဲတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပခြင်းဖြစ်ပြီး ပွဲတော်သို့လာရောက်ကြသူများကို သနပ်ခါးတစ်တုံးစီ လက်ဆောင်အဖြစ် ပေးဝေခဲ့ပြီး နှစ်စဉ် တပို့တွဲလပြည့်နေ့တိုင်းတွင် မြန်မာ့သနပ်ခါးပွဲတော်ကို ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

"တပို့တွဲလပြည့် မြန်မာ့သနပ်ခါးပွဲတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သနပ်ခါးတစ်တုံး အခမဲ့လက်ဆောင်ယူ ပွဲတော်ကျင်းပရတာဖြစ်ပါတယ်။ သနပ်ခါးပွဲတော်လာကြတဲ့ သနပ်ခါးချစ်သူတွေအနေနဲ့ သနပ်ခါးလာလိမ်းရင် သနပ်ခါးတုံးတစ်တုံးကို လက်နောက်ပြန်ယူစနစ်နဲ့ လက်ဆောင်ပေးပါတယ်။ နှစ်စဉ် မပျက်ကျင်းပသွားဖို့လဲ စီစဉ်နေပါတယ်"ဟု အဆိုပါ မြန်မာ့သနပ်ခါးပွဲတော်အား စီစဉ်သူဒေါ်စမ်းစမ်းမြင့်က ပြောပြသည်။

အဆိုပါသနပ်ခါးပွဲတော်တွင် ရွှေပြည်နန်း၊ Shwe Sin ၊ MNT၊ ရွှေဘိုမင်းသမီးသနပ်ခါး၊ ရွှေပြည်ဝင်း၊ မြင့်၊ ထူး၊ သင်းပျံ့ပျံ့၊ မြတ်၊ မင်းခန့်၊ မခိုင်၊ ဝိုင်းပြည့်ပြည့်ကျော်၊ ကိုထွန်းမင်ဦးနှင့် ဒေါ်ဦး စသည့် သနပ်ခါးနှင့် ဆက်စပ်လုပ်ငန်းရှင်များက ပွဲတော်ဖြစ်မြောက်ရေးအတွက် ပါဝင်ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ASH

Unmerciful Good Fortune ဇာတ်ကား၌ မင်းသား အန်တိုနီယိုဘန်ဒါရက် ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဖေဖော်ဝါရီ ၂

308 Entertainment ရုပ်ရှင်ကုမ္ပဏီ၏ Unmerciful Good Fortune သဘာဝလွန်လျှို့ဝှက်သည်းဖိဇာတ်ကား၌ မင်းသား အန်တိုနီယိုဘန်ဒါရက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား အန်တိုနီယိုဘန်ဒါရက်သည် မင်းသမီး ရိုဆာရီယိုဒေါ်ဆန်၊ မင်းသား စကော့အိစ်ဝုဒ်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Unmerciful Good Fortune ဇာတ်ကားသည် လူသတ်မှုများ ကျူးလွန်ခဲ့သူအဖြစ် စွပ်စွဲခံထားရသည့် အမျိုးသမီးငယ်တစ်ဦး၏ အမှုတွင် ပါဝင်ပတ်သတ်ခဲ့သော အမျိုးသမီးရှေ့နေတစ်ဦး ရင်ဆိုင်ရမည့်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် စာရေးဆရာ အက်ဒွင်ဆန်းချက်၏ ခေါင်းစဉ်အမည်တူ ပြဇာတ်ကို အခြေခံ၍ရိုက်ကူးမည်ဖြစ်သည်။

Unmerciful Good Fortune ဇာတ်ကားကို ဒါရိုက်တာ တာဆာ ဟက်ရောက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားသည်။

Ref : Sputnik News

Trs : KKO

အကယ်၍ ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၂

ကုမုဒြာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အကယ်၍ ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ အကယ်၍ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာပြည့်ဖြိုးနိုင် (PPN)ထံမှ သိရသည်။

အဆိုပါဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဝေမျိုးသစ်(Divorce Lawyer) က ခံစားရေးဖွဲ့ထားပြီး အေးသီရိကိုက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာပြည့်ဖြိုးနိုင် (PPN)က ကုမုဒြာရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဖြစ်ရပ်မှန် အိမ်ထောင်ရေးဒရာမာ ဇာတ်ကားလေးတစ်ကား ဖြစ်ပါတယ်။ ဘဝက တခုတည်းပေမဲ့ အိမ်ထောင်သည်ဘဝ နှစ်ခါ

ရခဲ့တဲ့ အမျိုးသမီးတစ်ယောက် အတွက် အကယ်၍ အချစ်နဲ့ဘဝ ထပ်တူကျခဲ့မယ်ဆိုရင် ဘယ်လိုတွေဖြစ်လာမလဲဆိုတာ ရုံတင်တဲ့အခါ အဖြေတစ်ခုရသွားမှာပါ"ဟု အဆိုပါ အကယ်၍ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN)က ပြောပြသည်။

အကယ်၍ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် စိုင်းစည်တွမ်ခမ်း၊ နေထွန်ဋ္ဌ၊ အရိုင်း၊ မောင်ကင်း၊ ရဲခေါင်ဗလ၊ စိုးပြည့်သဇင်၊ မေမြင့်မိုရ်၊ မေပန်းချီ၊ ဆုမြတ်နိုးဇင်၊ အထူးဧည့်သည် သရုပ်ဆောင် ခင်ဇာခြည်ကျော်၊ နေ့သစ်အေးအောင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Amazon MEM ၏ Tyrant ဇာတ်ကား၌ မင်းသမီး ဂျူလီယာဂါနာ ပါဝင်သရုပ်ဆောင်မည်ဖြစ်

နယူးယောက် ဖေဖော်ဝါရီ ၂

Amazon MEM စတူဒီယို၏ Tyrant ဇာတ်ကား၌ မင်းသမီး ဂျူလီယာဂါနာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Tyrant ဇာတ်ကားတွင် မင်းသမီး ဂျူလီယာဂါနာသည် မင်းသမီး ချားလစ်သီရွန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဝီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကပင်ရေးသားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Tyrant ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Tyrant ဇာတ်ကားကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ရိုက်ကူးရန် စီစဉ်ထားသည်။

Tyrant ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Amazon MGM ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

တေးသံရှင် G Fatt ၏ တေးဂီတဖျော်ဖြေပွဲကို မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar တွင် ပြုလုပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

တေးသံရှင် G Fatt ၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar ၌ ဖေဖော်ဝါရီ ၈ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးသံရှင် G Fatt ၏ တေးဂီတဖျော်ဖြေပွဲတွင် The Transporter Bar ၏ ပင်တိုင်အဆိုတော်များကလည်း အားဖြည့်သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Transporter Band တေးဂီတအဖွဲ့မှ အကောင်းဆုံးတီးခတ်ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၈ ရက်မှာ Transporter Bar ရဲ့ အလှပဆုံးမီးရောင်တွေနဲ့အတူ အကောင်းဆုံးသီချင်းတွေနဲ့ ဖျော်ဖြေသွားမဲ့ပင်တိုင် အဆိုရှင်တွေအပြင် ရင်ဘက်ကြီးတစ်ခုလုံး လှုပ်ခါသွားစေမဲ့ DJ Artists နဲ့ Dancers အချောလေးတွေရဲ့ ရှယ်လန်းတဲ့ Performance တွေလဲရှိနေမှာမို့ ကဲလို့ကောင်းတဲ့ ညတစ်ညပဲ ဖြစ်ပါတယ်။ အလန်းစားသီချင်းကောင်းတွေနဲ့ ဖြတ်သန်းလို့ရမဲ့ညတစ်ညကို လာရောက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"ဟု အဆိုတော် G Fatt က ပြောပြသည်။

အဆိုပါ တေးသံရှင် G Fatt ၏ တေးဂီတဖျော်ဖြေပွဲတွင် DJ Artists များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ နာမည်ကျော် Dancersများကလည်း ကကွက်စုံလင်စွာဖြင့် အားဖြည့်ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

Merchants from Nyaungdon Township supplies large number of rice bags to Yangon market within one month

A large stock of rice seen in a warehouse.

Nyaungdon February 2

Merchants from Nyaungdon Township of Ayeyawady Region sent 66,000 bags of Emahta rice to Yangon market within one month, said Daw Moe Moe, the owner of rice and paddy trading depot in Nyaungdon Township.

During the month of November, up to 45,000 bags of Emahra rice (24 pyi per bag) were transported and sold from Nyaungdon Township to the Yangon market. From 1 to 31 December this year, shipments increased to as many as 66,000 bags of Emahra rice (24 pyi per bag) within the month.

"When compared with other rice varieties, sales and shipments have been performing well," said Daw Moe Moe, a rice and paddy trading depot operator in Nyaungdon Township. "Over the past month, large volumes of Emahra paddy were shipped from Nyaungdon Township to the Yangon market. The quality of the rice being shipped needs to be good. Agricultural products from Nyaungdon Township are mostly transported and sold in the Yangon market. The Emahra rice being shipped is a low-grade rice variety, and there are also many purchase inquiries and linkages this month," she added.

It is also reported that during the past month, Emahra rice (24 pyi per bag) shipped from Nyaungdon Township to the Yangon market was trading at prices of up to K92,000 per bag. As trading in this paddy has improved, farmers, traders, cargo handlers, and freight truck rental operators are benefiting from increased employment opportunities.

Kyaw Kyaw Lin

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Maubin Township sends 66,000 viss of snakeheaded fish to Yangon market in December

Maubin February 2

Local fishermen and merchants from Maubin Township of Ayeyawady Region sold 66,000 viss of shankeheaded fish to Yangon market in December, said Daw Mar Mar Aye, the owner of fishery product trading depot in Maubin Township.

Local fisheries products, including snakehead fish, are being transported from Maubin Township to the Yangon market, according to reports. During November 2025, only up to 45,000 viss of snakehead fish were shipped and sold. However, from 1 to 31 December, shipments increased to as much as 66,000 viss.

"Shipments of snakehead fish to the Yangon market increased significantly in December," said Daw Mar Mar Aye, a fisheries trading depot operator in Maubin Township. "This rise in shipments was due to strong domestic demand. Fisheries products, including locally produced snakehead fish, are mainly sent to the Yangon market. With demand improving, snakehead fish farmers and workers, as well as those who catch snakehead fish from natural waterways, are finding better livelihoods," she added.

Snakeheaded fish seen at a local market.

It is also reported that during the past month, prices for snakehead fish shipped from Maubin Township to the Yangon market were as follows: medium-sized snakehead fish at K195,000 per 10 viss, small-sized at K175,000 per 10 viss, and large-sized at up to K295,000 per 10 viss. Kyaw Kyaw Lin

Ridge gourd trading booming at domestic market in Danubyu Township

Danubyu February 2

Ridge gourds are being traded with high demand at the domestic market in Danubyu Township of Ayeyawady Region, said Daw Swe Swe, the owner of green grocery trading in Danubyu Township.

In Danubyu Township, locally produced ridge gourds are being actively traded at the wholesale vegetable market from the second week of January 2026 to the present, according to reports. At present, daily purchasing volumes have increased to between 45,000 and 60,000 gourds, with trading activity remaining strong. Prices are currently reported at up to K27,500 per 100 gourds.

"Ridge gourds produced in this area are seeing strong demand from other townships," said Daw Swe Swe, a vegetable trader from Danubyu Township. "At present, daily trading volumes have reached as many as 60,000 gourds. These ridge gourds are locally grown in Danubyu Township and mainly supplied to the Yangon market. The ridge gourds currently trading well are of good quality. As they are locally produced, they are affordable, clean, and fresh food products for consumers. Buyers from other regions are sourcing ridge gourds from this wholesale market. With demand for these locally produced ridge gourds increasing, opportunities for vegetable growers have improved," she said.

It is also reported that Danubyu Township is currently in the peak season for locally produced seasonal vegetables, including ridge gourds. As demand and sales of ridge gourds continue to rise, preparations are underway to expand cultivation. As only locally produced crops are being traded, transportation costs are lower, and only fresh produce is sold, resulting in mutual benefits for producers and traders.

Kyaw Kyaw Lin

Large quantities of banana bunches sent to Yangon market in December

Kyaiklat February 2

Businesspersons from Kyaiklat Township of Ayeyawady Region supplied a large quantities of banana bunches to Yangon market in December, said Daw Aye Myat, the owner of banana trading commodity in Kyaiklat Township.

It is reported that during November 2025, up to 500,000 bunches of Pheegyan bananas were transported and sold from Kyaiklat Township to the Yangon market. From 1 to 31 December 2025, the shipments of banana were increased to 750,000 bunches within the month.

"Over the past month, shipments of Pheegyan bananas to Yangon have been strong," said Daw Aye Myat, a banana trading depot operator in Kyaiklat Township. "Locally produced fruits are mainly transported and sold in the Yangon market. Domestic demand for bananas remains high. Most of the bananas shipped to the Yangon market were Pheegyan bananas. At present, banana prices have eased slightly compared to before, and buying and selling are proceeding smoothly," she added.

It is also reported that during the past month, Pheegyan bananas shipped from Kyaiklat Township to the Yangon market were trading at prices of up to K144,500 per 100 bunches. As trading in these locally produced bananas continues, workers, traders, and growers are benefiting from improved livelihoods. Kyaw Kyaw Lin

Farmers harvest all plantations of rainfed paddy in Tamu District

Rainfed paddy being harvested in a field using machinery.

Tamu February 2

According to the Tamu District Agriculture Department, local farmers have harvested all sown acreage of rianfed paddy in Tamu District of Sagaing Region.

In Tamu District, a total of 48,823 acres of rainfed paddy were cultivated during the monsoon crop season. Harvesting of the monsoon paddy began in November 2025, and to date, harvesting has been completed on 100 percent of the planted area, with an average yield of 81.17 baskets per acre, according to reports.

"Tamu District has cultivated rainfed paddy on 48,823 acres. At present, harvesting has been fully completed on all acres. Necessary technologies and seed support were provided for monsoon paddy cultivation, and field-level assistance was carried out to ensure farmers were able to plant on time," said U Hla Myint, Head of the Tamu District Department of Agriculture.

By township, completed monsoon paddy harvest areas in Tamu District include 12,861 acres in Myothit Township, 14,894 acres in Tamu Township, and 21,068 acres in Khampak Township, totalling 48,823 acres.

During the monsoon crop season in Tamu District, the relevant township Departments of Agriculture worked in cooperation with local farmers to ensure systematic cultivation of monsoon paddy without major difficulties.

Monsoon paddy farmers in the district were provided with agricultural extension services, including technical guidance, awareness-raising on pest prevention, measures to prevent crop losses, and timely transportation of harvested paddy to covered storage facilities.

To ensure successful crop development and good yields from the cultivated monsoon paddy fields in Tamu District, township agricultural department staff have been conducting field-level activities such as promoting the selection and cultivation of quality and pure seeds, monitoring and prevention of pest infestations, ploughing and weeding operations, rogueing of off-type plants, and the systematic application of fertilizers. 206

Farmers grow more than 1,000 acres of sweet corns in Kawlin District

Kawlin February 2

The Agriculture Department of Kawlin District in Sagaing Region stated that local farmers grew more than 1,000 acres of sweet corns as cold season crops in Kawlin District this year.

During the 2025-2026 winter crop season, a total of 2,120 acres of sweet corn have been earmarked for cultivation in Kawlin District. Planting began in October 2025, and as of now, 382 acres have been planted in Kawlin Township, 1,024 acres in Wuntho Township, and 8 acres in Pinlebu Township, bringing the total planted area to 1,414 acres, according to reports.

"We have planned to cultivate more than 2,000 acres of sweet corn during the winter crop season in Kawlin District. To date, more than 1,000 acres have already been planted. We are also working to ensure that the full targeted acreage is achieved. To ensure successful crop development, we are providing technical guidance and raising awareness to prevent pest and disease infestations," said U Win Thein, Head of the Kawlin District Department of Agriculture.

For the 2025–2026 winter season, township-level targets for sweet corn cultivation in Kawlin District are set at 378 acres in Kawlin Township and 1,742 acres in Wuntho Township, totalling 2,120 acres.

Sweet corn farmers in Kawlin District are being supported by the respective township offices of the Department of Agriculture through training programmes, field demonstrations, advance prevention measures against fall armyworm, and the promotion of integrated crop protection systems, including the use of neem-based pesticides as well as ginger- and chili-based pest control methods, along with other agricultural extension services.

In Kawlin District, sweet corn yields are reported at around 15,000 ears per acre, while the cultivation cost per acre exceeds K500,000.

206

Pigeon pea harvested in Dabayin Township

Dabayin February 2

According to the statistics of YeU District Agriculture Department, local farmers harvested all plantations of pigeon pea in Dabayin Township of Sagaing Region this year.

In Dabayin Township, a total of 19,007 acres of pigeon pea were cultivated during the monsoon cropping season, according to reports. Harvesting of the pigeon pea fields began in December 2025, and all cultivated acreage has now been fully harvested, with an average yield of 17.02 baskets per acre.

"In Dabayin Township, pigeon pea has been cultivated on 19,007 acres. All of these pigeon pea fields have now been completely harvested," said U Zaw Myint Htun, Head of the District Department of Agriculture in Ye-U District. "Measures have also been taken to ensure good yields. Pigeon pea is cultivated both as a standalone crop and as an intercropped crop," he said.

In Dabayin Township, the Township Department of Agriculture is providing field-level extension services to pigeon pea farmers, including guidance on the selection and cultivation of quality seeds, proper cultivation methods, pest control, and practices to improve crop yields.

The Township Department of Agriculture is also disseminating techniques for the combined use of urea and potash fertilizers to help pigeon pea farmers reduce the cost of foliar fertilizer purchases. Due to the use of urea and potash fertilizers, production costs have been reduced, plants are less affected by pests, and crop growth has improved.

206

14 people die in cold snap in New York City

New York February 2

Fourteen people have died outdoors as a cold snap gripped New York City for the past week, Mayor Zohran Mamdani confirmed on Sunday.

Preliminary findings revealed that hypothermia played a role in the deaths of eight people, local media reported.

A huge winter storm brought record amounts of snow on Jan. 25, making roads and sidewalks a slushy mess.

So far, 67 million pounds of snow have melted, and 188 million pounds of salt have been used to clear the snow, said Mamdani.

New measures were also adopted to help the homeless cope with the freezing temperatures. New single-room shelter units will be open for the homeless, while warming shelters also remain open to any people across New York City's five boroughs. There are 20 warming buses parked across the city.

Xinhua

News Analysis: Shadow of conflict still shrouds Middle East as U.S., Iran begin dialogue

Cairo February 2

As the United States and Iran have announced the start of dialogue, there appears to be a glimmer of hope for easing the tensions that have gripped the Middle East for weeks.

However, with Washington continuing to bolster its military presence and the prospects for negotiations remaining uncertain, the shadow of conflict still looms over the region.

On Saturday night, Iran and the United States confirmed they had initiated dialogue, offering a sigh of relief to many who had been suffocating under the tension of a weeks-long standoff between the two nations.

"The formation of a structure for negotiations is progressing," Secretary of Iran's Supreme National Security Council Ali Larijani wrote on social media platform X.

Later in the day, U.S. President Donald Trump said in an interview with reporters aboard Air Force One that Iran was "seriously talking" with the United States.

"I hope they negotiate something that's acceptable," Trump said, adding, "We could make a negotiated deal that would be satisfactory, with no nuclear weapons, and they should do that, but I don't know if they will."

In an interview with CNN on Sunday, Iranian Foreign Minister Seyed Abbas Araghchi said that a "just, fair, and equitable" nuclear agreement with the United States remains achievable in the short term, provided Washington abandons its policy of coercion.

Xinhua

This photo taken on Jan. 30, 2026 shows an urban view in Tehran, Iran.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

NATO မဟာမိတ်အဖွဲ့က ရန်သူ၊ မိတ်ဆွေ ခွဲခြားနိုင်သည့်စနစ်များတပ်ဆင်ရန် တူရကီယဲကုမ္ပဏီ Aselsan နှင့် စာချုပ်ချုပ်ဆို

NATO မဟာမိတ်အဖွဲ့သည် လေကြောင်းရန် ကာကွယ်ရေးကဏ္ဍတွင် ရန်သူနှင့် မိတ်ဆွေ ခွဲခြားနိုင်သည့်စနစ်များ (Identification–Friend–or–Foe – IFF) တပ်ဆင်ရန်အတွက် တူရကီယဲနိုင်ငံ၏ ထိပ်တန်းကာကွယ်ရေးကုမ္ပဏီဖြစ်သော Aselsan နှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စာချုပ်အရ Aselsan ကုမ္ပဏီသည် ရန်သူနှင့် မိတ်ဆွေ ခွဲခြားနိုင်သည့် IFF စနစ်များကို NATO မဟာမိတ်အဖွဲ့ထံ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ ရှုပ်ထွေးလှသော လေကြောင်းပိုင်နက်အတွင်း မိမိတို့၏ မဟာမိတ်လေယာဉ်များနှင့် ရန်သူ့လေယာဉ်များကို တိကျစွာခွဲခြားနိုင်စွမ်းရှိ စေရန်နှင့် မှားယွင်းတိုက်ခိုက်မှုများကို လျှော့ချနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

NATO အဖွဲ့၏ ပံ့ပိုးကူညီရေးနှင့် ဝယ်ယူရေးအေဂျင်စီ(NSPA)က တာဝန်ယူ၍ ချုပ်ဆိုလိုက်သော အဆိုပါသဘောတူညီချက်အရ Aselsan ကုမ္ပဏီသည် Mode–5 အဆင့်ရှိ IFF နည်းပညာများကို ပေးအပ်သွားမည်ဖြစ်သည်။ ဤနည်းပညာသည် စစ်မြေပြင်တွင် စစ်သည်များ အသုံးပြုနေသည့် ပုံခုံးထမ်းဒုံးကျည်လက်နက်စနစ်များနှင့် ပေါင်းစပ်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး NATO တပ်ဖွဲ့ဝင်များအနေဖြင့် လေကြောင်းခြိမ်းခြောက်မှုများကို တုံ့ပြန်ရာတွင် ပိုမိုယုံကြည်မှုရှိရှိဆောင်ရွက်နိုင်မည်ဖြစ်သည်။

တူရကီယဲကုမ္ပဏီ Aselsan နှင့် ချုပ်ဆိုခဲ့သော ဤစာချုပ်သည် NATO မဟာမိတ်နိုင်ငံများကြား လက်ရှိဆောင်ရွက်နေသည့် လေကြောင်းရန်ကာကွယ်ရေး နည်းပညာရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။ လတ်တလောတွင်လည်း ဂျာမနီ၊ နယ်သာလန်၊ ရိုမေးနီးယားနှင့် စပိန်နိုင်ငံတို့သည် NATO ၏ ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို ခိုင်မာစေရန်အတွက် Patriot ဒုံးကျည်စနစ်များကို ဝယ်ယူဖြည့်တင်းထားကြသည်။

ထို့ပြင် NATO အဖွဲ့သည် Raytheon ကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၄၇၈ သန်းတန်ဖိုးရှိ Patriot GEM–T ဒုံးကျည်များထုတ်လုပ်ရန် စာချုပ်ပေးအပ်ထားပြီး အဆိုပါကုန်ကျစရိတ်ကို ဒိန်းမတ်၊ နော်ဝေနှင့် နယ်သာလန်နိုင်ငံတို့က ပူးပေါင်းကျခံသွားမည်ဖြစ်သည်။

ယခုကဲ့သို့ တူရကီယဲနိုင်ငံ၏ IFF နည်းပညာကို NATO တပ်ဖွဲ့များတွင် တပ်ဆင်အသုံးပြုလိုက်ခြင်းဖြင့် ခေတ်သစ်လေကြောင်းစစ်ဆင်ရေးများတွင် ရန်သူနှင့် မိတ်ဆွေကို စက္ကန့်ပိုင်းအတွင်း ခွဲခြားနိုင်ကာ ထိရောက်သော ကာကွယ်မှုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း စစ်ရေးလေ့လာသူများက သုံးသပ်ထားကြသည်။

NATO အဖွဲ့က တူရကီယဲကုမ္ပဏီ Aselsan ကို ရွေးချယ်လိုက်ခြင်းသည် NATO မဟာမိတ်အဖွဲ့အတွင်း တူရကီယဲနိုင်ငံ၏ ကာကွယ်ရေးနည်းပညာအဆင့်အတန်းနှင့်အခန်းကဏ္ဍ မည်မျှအရေးပါလာသည်ကို သက်သေပြနေခြင်းဖြစ်သည်။ ခေတ်သစ်စစ်မြေပြင်တွင် အဝေးထိန်းချုပ်လုပ်ဆောင်နိုင်သော ဒရုန်းများနှင့် ဒုံးကျည်များကြောင့် လေကြောင်းပိုင်နက်ရှုပ်ထွေးလာသည့်အတွက် ပုံခုံးထမ်းလေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များတွင် IFF Mode–5 ရန်သူ၊ မိတ်ဆွေ ခွဲခြားသည့်စနစ် တပ်ဆင်လိုက်ခြင်းမှာ မဟာမိတ်တပ်ဖွဲ့ဝင်များ အချင်းချင်း မှားယွင်းပစ်ခတ်မှုကို ဟန့်တားရန်မရှိမဖြစ်လိုအပ်သည်။ ဤလုပ်ဆောင်မှုသည် ဥရောပတစ်ခွင်တွင် Patriot နှင့် SAMP/T ကဲ့သို့သော အလွှာလိုက်လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အဆင့်မြှင့်တင်နေသည့် NATO ၏ စစ်ရေးပြင်ဆင်မှုများနှင့်အပြိုင် တစ်ဦးချင်းစစ်သည်များ၏ ကာကွယ်ရေးစွမ်းရည်ကိုပါ နည်းပညာမြှင့်တင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

NATO Taps Turkey's Aselsan for Air Defense IFF Tech ကို ဘာသာပြန်ဆိုထားပါသည်။

ကာတာလေတပ်က အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေး ရေဒါစနစ်များဝယ်ယူရန် ပြင်သစ်ကုမ္ပဏီ Thales နှင့် စာချုပ်ချုပ်ဆို

ကာတာနိုင်ငံ လေတပ် (Qatar Emiri Air Force)သည် လေကြောင်းပိုင်နက်ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန်အတွက် ပြင်သစ်ကာကွယ်ရေးကုမ္ပဏီ Thales ထံမှ အဆင့်မြှင့်ရေဒါစနစ်များ ဝယ်ယူရေးစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုဝယ်ယူမှုတွင် Thales ကုမ္ပဏီ၏ နာမည်ကျော် Ground Master 200 Multi–Mission All–in–One (GM200 MM/A) နှင့် Ground Master Alpha (GM400α) ရေဒါစနစ်များ ပါဝင်နေသည်။ ဤစနစ်များသည် ခေတ်သစ်လေကြောင်းခြိမ်းခြောက်မှုများကို တုံ့ပြန်ရာတွင် အကွာအဝေးမျိုးစုံမှ စောင့်ကြည့်ထောက်လှမ်းနိုင်စွမ်းကို သိသိသာသာမြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

စာချုပ်ပါ အချက်အလက်များအနေဖြင့် နည်းပညာနှင့် လေ့ကျင့်ရေးပိုင်းတွင် ရေဒါများအပြင် နည်းပညာဆိုင်ရာ ထောက်ပံ့မှုများ၊ ပြုပြင်ထိန်းသိမ်းမှုစနစ်များနှင့်ရေဒါမောင်းနှင်သူများ၊ စက်ပြင်ဆရာများအတွက် သင်တန်းအစီအစဉ်များပါ ပါဝင်သည်။ ကာလရှည် ပူးပေါင်းဆောင်ရွက်မှုအတွက် ကာတာနည်းပညာအဖွဲ့များကို လေ့ကျင့်ပေးမည့် အစီအစဉ်ကို ၂၀၂၆ ခုနှစ်မှ ၂၀၃၆ ခုနှစ်ထိ(၁၀ နှစ်ကြာ) နေ့စဉ်လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

GM200 MM/A ရေဒါသည် အကွာအဝေး ၂၁၇ မိုင်အတွင်းရှိ သေးငယ်သော ပစ်မှတ်များကိုပါ တိကျစွာခြေရာခံနိုင်သည်။ ခြောက်မီတာရှည်သော ကွန်တိန်နာအတွင်း တစ်ပါတည်း တပ်ဆင်ထားသဖြင့် စစ်သုံးကုန်တင်ယာဉ်ဖြင့် လွယ်ကူစွာ သယ်ဆောင်နိုင်ပြီး ၁၅ မိနစ်အတွင်း စစ်ဆင်ရေးစတင်နိုင်သည့် (Rapid Deployment) စနစ်ဖြစ်သည်။ GM400α ရေဒါစနစ်မှာမူ ရှုပ်ထွေးသော ပတ်ဝန်းကျင်များအတွင်း အနေးနှင့်အမြန် ပျံသန်းနေသော ပစ်မှတ်များကိုရှာဖွေဖော်ထုတ်နိုင်သည်။ ၎င်းကိုလည်း တစ်နာရီအတွင်း အသင့်ဖြစ်အောင် တပ်ဖြန့်အသုံးပြုနိုင်သည်။ Secure Digital Integration Platform နည်းပညာသည် ရေဒါများမှ ရရှိသော ပုံရိပ်များကို လုံခြုံစိတ်ချရသော ကွန်ရက်မှတစ်ဆင့် ဗဟိုထိန်းချုပ်ရေးစခန်းသို့ တိုက်ရိုက်ပေးပို့ကာ ဝေဟင်နယ်ပယ်တစ်ခုလုံးကို တစ်ဆက်တည်းမြင်တွေ့စေနိုင်သည့် အဆင့်မြှင့်တင်မှု (Force Multiplier) တစ်ခုဖြစ်သည်။ Thales ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ Raphael Desi က GM200 MM/A နှင့် GM400α ရေဒါစနစ်များသည် ကာတာလေတပ်ကို ဒရုန်းအန္တရာယ်များနှင့်အခြား

သော လေကြောင်းခြိမ်းခြောက်မှုများမှ ကာကွယ်ရန်နှင့် လေကြောင်းအချုပ်အခြာအာဏာကိုထိန်းသိမ်းရန်အထောက်အကူပြုလိမ့်မည်ဟု ပြောကြားခဲ့သည်။

ကာတာနိုင်ငံသည် ၎င်း၏အရေးပါသော ရေနံနှင့်သဘာဝဓာတ်ငွေ့ အခြေခံအဆောက်အအုံများကို ဒရုန်းများဖြင့် တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန်အတွက် ဤအဆင့်မြှင့် ရေဒါစနစ်များကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပြင်သစ်–ကာတာ စစ်ရေးမဟာမိတ်အနေဖြင့် ဤစာချုပ်သည် ပြင်သစ်နှင့် ကာတာကြား ဆယ်စုနှစ်တစ်ခုကျော်ကြာမည့် စစ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေခဲ့သည်။ ရေဒါစနစ်များကို ကွန်တိန်နာများဖြင့် သယ်ဆောင်ပြီး အလျင်အမြန် တပ်ဖြန့်နိုင်ခြင်းကြောင့် အရေးပေါ်အခြေအနေများတွင် လိုအပ်သည့်နေရာသို့ ချက်ချင်းပြောင်းရွှေ့ကာ ကာကွယ်မှု ပေးနိုင်သည့် ရွှေ့လျားစစ်ဆင်နိုင်သည့် အားသာချက်ရှိကြောင်း သိရသည်။

Qatari Orders Air Defense Radars From Thales ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဇကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်

ကလေး၀ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေး၀မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဇကအားလုံး ရာနှုန်းပြည့် စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း ကလေး၀မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေး၀မြို့နယ်တွင် နေကြာ ၆၇၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေး၀မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၆၇၅၁ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ကလေး၀မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေး၀မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ၀နှစ်ထမ်းနှင့်နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မာရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သဘာ၀မြေဩဇာ ပြုလုပ်သုံးစွဲရေးနှင့် ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့်နည်းစနစ်များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘ၀များ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

ကလေးဝမြို့နယ်တွင် နေကြာ၊ စိုက်ပျိုးရေးအတွက် ဦးစီးဌာနက ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မာရေးအတွက် ပညာပေးသင်တန်းများ ကျင်းပ

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွဲ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

လှိုင်းဘွဲ့မြို့နယ် နောင်မြလွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်မြလွဲကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာ၀နံခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်အကြောင်း အရာများကို ရှင်းလင်းကြားပြီး မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နောင်မြလွဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအ၀ယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄၃ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်း ထံမှ သိရသည်။ **ကိုသက်**

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးသလောက်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂

ဧရာ၀တီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးသလောက် ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်း၀ယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးသလောက် ပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ငါးသလောက် ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က အ၀ယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကို ပုံမှန်အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးသလောက်ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။

တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်က အရွယ်အစားအလေးချိန် အပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေ အရောင်းအ၀ယ် ကောင်းနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်း၀ယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိသာလျှင် ဌေကျပ် ၁၉၅၀၀၊ အလတ်တစ်ပိသာလျှင် ဌေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ ၊ အကြီးတစ်ပိသာလျှင် ဌေကျပ် ၅၅၀၀၀မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ် မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

မလှိုင်မြို့နယ် လယ်ကြီးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ကြီးကျေးရွာအုပ်စု လယ်ကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာ၀နံရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာ၀နံခံ ဝန်ထမ်းများက လယ်ကြီးကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေ ဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လယ်ကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ၄၀ကို ဌေကျပ် ကိုး ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ဌေကျပ် ၃၄ ဒသမ၉၅ သန်း၊ အရောင်းအ၀ယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ဌေကျပ် ၆ ဒသမ ခြောက်သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နာချေချောင်းဆိုးပါ။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှိုင်းဂူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှိုင်းဂူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)၌ ယနေ့ညနေပိုင်းတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်လုံခြုံရေးကောင်စီများ၊အထူးတပ်ဖွဲ့များနှင့်တရားဥပဒေစိုးမိုးရေးအေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရေးအပါအဝင် သတင်းအချက်အလက် လုံခြုံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု၊ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းမှုများကို တန်ပြန်ခြင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် လေ့ကျင့်ရေးသင်တန်းများ ပံ့ပိုးကူညီပေးခြင်းဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒကွိုဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ် ဝတ္ထုကုံတော်အတွင်း တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်းရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော်ကာ ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ရုရှားဖက်ဒရေးရှင်း နိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှိုင်းဂူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှိုင်းဂူတို့က ဖျော်ဖြေဧည့်ခံခဲ့သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကအဖွဲ့ကို ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှိုင်းဂူ ဦးဆောင်သော ကိုယ်စားလှယ်သည် ယနေ့မွန်းလွဲပိုင်းက အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ကြခြင်းဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယနေ့တွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ရုရှားနိုင်ငံ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် မီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Zarenin နှင့်အဖွဲ့ကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက ရုရှားပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Igor Zubov နှင့် ရုရှားနိုင်ငံ အမျိုးသားအစောင့်တပ်ဖွဲ့ဒုတိယအကြီးအကဲ Mr.Oleg Plohoyနှင့် အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ်ဇော်လင်းထွန်းက ရုရှားငွေကြေးစောင့်ကြည့်ရေးဖက်ဒရယ်အဖွဲ့ ဒုတိယအကြီးအကဲ Mr. Evgeny Giletaနှင့်အဖွဲ့ကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးက ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း Rosatom နိုင်ငံတကာစီမံကိန်းများဌာန အကြီးအကဲ Ms. Marina Belyaeva နှင့်အဖွဲ့တို့ကိုလည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထုံးဘိုရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းမှ ရိတ်သိမ်းချိန်လွန် နည်းပညာများကို ဝန်ထမ်းနှင့် တောင်သူ စုစုပေါင်း ၁၅၇၃၉ ဦးထံ ဖြန့်ဝေပေးနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ ထုံးဘိုရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းမှ ရိတ်သိမ်းချိန်လွန်နည်းပညာများကို ဝန်ထမ်းနှင့်တောင်သူစုစုပေါင်း ၁၅၇၃၉ ဦးထံ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးမှ ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာနည်းပညာသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှ ယနေ့ထိ စာတမ်းဖတ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲသင်တန်း စုစုပေါင်း ၁၉၈ ကြိမ် ကျင်းပခဲ့ပြီး တောင်သူ ၃၂၁၆ ဦး၊ ဝန်ထမ်း ၃၄၈၈ ဦး၊ သင်တန်းသား၊ သင်တန်းသူ ၆၇၀၄ ဦးတို့ကို နည်းပညာများစာတွေ့လက်တွေ့ပို့ချပေးနိုင်ခဲ့ကာ သင်တန်းဆင်းဝန်ထမ်းများက ဒေသအသီးသီးတွင် ဆင့်ပွားသင်တန်း ၅၁၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် ဝန်ထမ်းနှင့် တောင်သူစုစုပေါင်း ၁၅၇၃၉ ဦးတို့ထံ ရိတ်သိမ်းချိန်လွန် နည်းပညာများဖြန့်ဝေပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့နံနက်ပိုင်းကလည်း ထုံးဘိုရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း၌ ရိုဘက်စတာကော်ဖီစိုက်ခင်းကွင်းသရုပ်ပြပွဲ ကိုကျင်းပရာ ပြင်ဦးလွင်၊ ကျောက်ဆည်၊ ရမည်းသင်း၊ မဟာအောင်မြေ၊ မိတ္ထီလာ ခရိုင်တို့မှ ဝန်ထမ်းများနှင့် တောင်သူဦးရေ ၅၀ တက်ရောက်ကြပြီး ကော်ဖီပညာရှင်များက ရိုဘက်စတာကော်ဖီ စိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၁ရက်ထိထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီမှ ဖေဖော်ဝါရီ ၁ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုသေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ(အသက် ၆၀ နှစ်နှင့် အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Mr. Vasilii Sergeevich Osmakov က ဂါရဝပြု လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Mr.Vasilii Sergeevich Osmakov က ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ ဂါရဝပြုလာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာ၊ သင်တန်းနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ မြန်မာ-ရုရှား နှစ်နိုင်ငံကာကွယ်ရေး ဝန်ကြီးဌာနများအကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို နှစ်နိုင်ငံဒုတိယကာကွယ်ရေးဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် Mr.Vasilii Sergeevich Osmakov တို့က လက်မှတ်ရေးထိုးကြသည်။

တွေ့ဆုံပွဲနှင့် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ရေးရာဝန်ကြီးဌာန၌ AI နည်းပညာအခြေခံလုပ်ငန်းခွင်အသုံးချမှုသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများကို ခေတ်စနစ်နှင့်အညီ အသိပညာ၊ အတတ်ပညာများ လေ့လာတတ်မြောက်စေရန်ရည်ရွယ်၍ AI နည်းပညာအခြေခံလုပ်ငန်းခွင် အသုံးချမှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒါရိုက်တာနှင့် သင်တန်းနည်းပြများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်ဒစ်ဂျစ်တယ်ပလက်ဖောင်းတွင် Artificial Intelligence(AI) နည်းပညာသည် လူသားများ၏ နေ့စဉ်ဘဝလုပ်ငန်းများတွင် မရှိမဖြစ် နည်းပညာတစ်ခုအဖြစ် ရပ်တည်လာနေပြီဖြစ်ရာ လုပ်ငန်းနယ်ပယ်များတွင် AI နည်းပညာကို အသုံးပြုခြင်းဖြင့်အချိန်ကုန်သက်သာစေသည့် အားသာချက်များစွာရှိပြီး လိုအပ်သောအချက်အလက်များကို မြန်မြန်ဆန်ဆန်စုစည်း၍ စနစ်တကျအသုံးချလျက်ရှိပါကြောင်း၊ ထို့ပြင် လူ့စွမ်းအား၊ စက်မှုစွမ်းအားများလျှော့ချပြီး AI နည်းပညာနှင့် အစားထိုး၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့တွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာသည့်အပြင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကဏ္ဍများတွင်တွင်ကျယ်ကျယ် အသုံးပြုလာသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် Digital အခြေပြု နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုထိဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ AI နည်းပညာကို အသုံးပြု၍ ဝန်ထမ်းများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းများတွင် အတွေးအမြင်၊ အယူအဆများကို မှန်ကန်စွာသုံးသပ်ထည့်သွင်း၍ အကျိုးရှိစွာအသုံးပြုရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာသည် အကျိုးကျေးဇူးများစွာရှိသော်လည်း စိန်ခေါ်မှုများစွာလည်းရှိပါကြောင်း၊ AI စနစ် အပေါ် မှီခိုမှုများပြားလာပါက လူသားတို့၏တွေးခေါ်ကြံဆနိုင်မှုစွမ်းရည်များကျဆင်းလာနိုင်မည်ဖြစ်သည့်အတွက် အလွန်အမင်းမှီခိုခြင်းမပြုဘဲ အထောက်အကူပြုကိရိယာတစ်ရပ်အဖြစ်သုံးစွဲကြရန် အထူးမှာကြားလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် AI နည်းပညာကို လေ့လာသင်ယူပြီး မိမိတို့လုပ်ငန်းခွင်များတွင် လက်တွေ့ပြန်လည်အသုံးချဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုအစဉ်ရှေးရှု၍ တိုးတက်ပြောင်းလဲလာသည့် ICT နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်က AI နည်းပညာဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ သောင်းသောင်းဖြဖြကြိုဆိုမှု

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ပြီး ရွှပ်ရွှပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ကအောင်သပြေခက်များဖြင့်လည်းကောင်း၊ ဘင်ခရာနှင့် ပန်းဖွားအကများ၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်းဝမ်းမြောက်စွာသောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

⚐ ရေနံထွက်ပစ္စည်းများမှ

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၆ ရက်တွင် သီလဝါခရိပ်ကမ်းရှိ Apex Terminal သို့ Tanker ဖြင့် ရောက်ရှိလာသည့် ရိုးရိုးဒီဇယ်ဆီ(HSD 500 PPM)ကို နမူနာရယူ၍ ဓာတ်ခွဲခန်းတွင် အရည်အသွေးစမ်းသပ်စစ်ဆေးခဲ့ရာ စမ်းသပ်မှုရလဒ်အရ အဆိုပါတင်ဆောင်လာသည့် ရိုးရိုးဒီဇယ်ဆီ (HSD 500 PPM) သည် စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးစွဲသူပြည်သူများ နစ်နာမှုမရှိစေရေး ဆီချခွင့်မပြုဘဲ မူလတင်ပို့ရာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူများအသုံးပြုလျက်ရှိသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် စိစစ်ထိန်းကျောင်းကြပ်မတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ တင်သွင်းခြင်းနှင့်ပြည်တွင်းတွင်ထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော စက်ဆီချောဆီများ၏ အရည်အသွေးကိုက်ညီမှန်ကန်မှုရှိစေရေးတို့ကိုလည်း ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်အိမ်လုံးတွင် မည်သူမျှမရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

❑ ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာမှ

စဉ်	အမည်	နိုင်ငံသားစိစစ်ရေး ကတ်အမှတ်	မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
ရှမ်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)				
(၁)	ဦးခမ်းလူ	၁၃/ပယန(နိုင်) ၀၁၃ဖြ၅၄	မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂)	ခွန်ဖိုးစိန်	၁၃/ပလန(နိုင်) ၀၆စ၅၁၄	ပင်လောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
(၃)	ဦးထွန်းလှ(ခ) ဦးတိုးရ	၁၃/ညရန(နိုင်) ၀၀စ၉၄၅	ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	အင်းအမျိုးသားအဖွဲ့ချုပ် ပါတီ
(၄)	စိုင်းကျော်ရင်	၁၃/ဖခန(နိုင်) ၀၁၃စ၁ဖ	ဖယ်ခုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅)	ဦးညီညီဇော်	၁၂/အစန(နိုင်) ၂၀၃၉၁၄	သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၆)	စိုင်းကျော်ဝင်း	၁၃/မနန(နိုင်) ၀၀၁၁၃စ	မိုးနဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၇)	ဒေါ်နန်းမွန်းအောင်	၁၃/လခန(နိုင်) ၀၂၉၂၄၉	ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၈)	ဦးစိုင်းနော်ခမ်း	၁၃/မရန(နိုင်) ၀၁စ၇၁၄	မိုင်းရှားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)				
(၉)	ခွန်ဝင်းနောင်	၁၃/ပလန(နိုင်) ၀၀၁ဖ၇၁	ပင်လောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
(၁၀)	ခွန်ကျော်အေး	၁၃/တကန(နိုင်) ၂၂၅၅၇၈	ဆီဆိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
(၁၁)	ဦးဒီဂေါလ်	၁၃/ဟပန(နိုင်) ၀၂၇၇စ၃	ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၂)	ဦးအောင်ပြည့်စုံ	၁၃/ကလန(နိုင်) ၁၄၃၃၇၈	ရွာင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ဓနုတိုင်းရင်းသားလူမျိုး များဒီမိုကရေစီပါတီ
(၁၃)	ဦးဟိန်းထက်ဇော်	၁၃/ရစန(နိုင်) ၀၄စ၂၉၉	ပင်တယမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၄)	ခွန်ဆောင်းရွှေ	၁၃/ကတလ(နိုင်) ၀၀၁၃ဖ၂	တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
(၁၅)	ခွန်စနေအောင်	၁၃/ဆဆန(နိုင်) ၀၇ဖ၅၄စ	ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
(၁၆)	ခွန်ထွန်းငယ်	၁၃/ဆဆန(နိုင်) ၀၀၀၁၃စ	ကလောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
(၁၇)	စိုင်းထိန်စိုး	၁၃/မမန(နိုင်) ၀၀၀၀၁စ	ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၈)	စိုင်းလုံကျော်	၁၃/တကန(နိုင်) ၀၁၅၂စ၃	ဖယ်ခုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၉)	ဦးလင်းလင်းနိုင်	၅/ကလထ(နိုင်) ၁၄စ၅၇၇၇	မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ဓနုတိုင်းရင်းသားလူမျိုး များဒီမိုကရေစီပါတီ
(၂၀)	ဦးကြည်လွင်	၁၃/ညရန(နိုင်) ၀ဖ၃၇၄၂	လင်းခေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	အင်းအမျိုးသားအဖွဲ့ချုပ် ပါတီ
(၂၁)	စစ်သာဦး	၁၃/တကန(နိုင်) ၀၁စစ၉၇	မိုင်းပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)				
(၂၂)	ဒေါ်ဝါဝါထွေး	၁၃/တကန(နိုင်) ၀၀၂၉၃ဖ	နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၃)	ဦးနိုင်ဝင်းအောင်	၁၃/ပလန(နိုင်) ၀၅၉၇၀၀၉	လွိုင်လင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၄)	ဒေါ်နန်းသီတာနွယ်	၁၃/နစန(နိုင်) ၀၀၀၁၃၃	ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၅)	ဦးကျော်ကျော်နိုင်	၁၃/ကဟန(နိုင်) ၀၁ဖ၃၁၄	မိုင်းရှားမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၆)	ဦးမင်းထွန်းအောင်	၇/နတလ(နိုင်) ၀၀၀၀၁၅	ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၂၇)	ဦးစိုင်းဟောင်ခမ်း	၁၃/ကတန(နိုင်) ၀စ၁၃၄စ	မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၂၈)	ဒေါ်နန်းခမ်းလူ(ခ) နန်းလဲ့လဲ့ဖြိုး	၁၃/လခန(နိုင်) ၀၀၀၃၁၅	မိုးနဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၂၉)	ခွန်ထွန်းလေး	၁၃/လလန(နိုင်) ၀၃၇၉၂၈	လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၃)				
(၃၀)	ဦးဇော်လွင်	၁၃/မဘန(နိုင်) ၀၁၄၁၄ဖ	နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၁)	ဒေါ်စိုးစိုးငြိမ်း	၁၃/နခတ(နိုင်) ၀၂ဖ၇ဂ၆	မန်တုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၃၂)	ဦးသန်းထိုက်ဇော်	၁၃/ကမန(နိုင်) ၀စ၇၉၃၇	ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၃)	ဦးသီဟလှိုင်	၁၃/နခတ(နိုင်) ၀၇၇၄၀၇	သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၄)	ဒေါ်နန်းခမ်းမန်	၁၃/နဖန(နိုင်) ၀၀၀၀၂ဖ	တန့်ယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၅)	ဦးစိုင်းခမ်း	၁၃/မရတ(နိုင်) ၀၀၀ဖ၆ဖ၉	နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၆)	ဒေါ်ခိုင်သန္တာထွေး	၁၃/နခတ(နိုင်) ၀၉၉၇၉၀	မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၇)	ဦးစိုင်းခမ်းကျော်	၁၃/ကမန(နိုင်) ၀ဖ၇၀၂၃	မိုးမိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၃၈)	ဦးသန်းဇော်ဦး	၁၃/မမတ(နိုင်) ၀၃ဖ၃၉၀	နမ္မတူမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၃၉)	နန်းခမ်းလီ	၁၃/ကမန(နိုင်) ၀ဖ၇၁၀၄	မဘီမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၆)				
(၄၀)	ဦးကျော်သိန်းအောင်	၁၃/နခန(နိုင်) ၀၇စ၀စ၉	ပန်ဆန်း(ပန်ခမ်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၁)	ဦးနော်အောင်	၁၃/ကခန(နိုင်) ၀၁ဖ၈၃၂	ဟိုပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၂)	စိုင်းဝင်းမြင့်	၁၃/သနန(နိုင်) ၀၀၂၅၉ဖ	ပန်ဝိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၄၃)	ဦးစိုင်းအောင်မြင့်	၁၃/ကခန(နိုင်) ၀၁ဖ၂၇၇	နားဖန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၄၄)	ဦးစိုးကမ္ဘာစိတ်	၁၃/လရန(နိုင်) ၁၃၀ဖ၄၀	မိုင်းမောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)
(၄၅)	ဦးစိုင်းဘသန်း	၁၃/နမတ(နိုင်) ၀၁၅စ၁၁	မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၄၆)	ဦးဟော်ထိုက်ဖူ(ခ) ဦးအောင်ကျော်ထွန်း	၁/လသန(နိုင်) ၀၂၀၃ဖ	လောက်ကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၇)	ဒေါ်မြမြဆွေ	၁၃/လရန(နိုင်) ၀၂၄၀၁၃	ကုန်းကြမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၈)	ဦးခင်အောင်ဆွေ	၁၃/လရန(နိုင်) ၁၃၄၃၀ဖ	လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄၉)	ဦးကျော်စွာဝင်း(ခ) Mအောင်ဂျာ	၁၃/နမတ(နိုင်) ၀၃၁၃၅၃	မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၀)	ဦးဌေးဝင်းလှိုင်	၉/သစန(နိုင်) ၀၉၀စ၅စ	ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၁)	ဦးသန်းစိုး	၉/ကပတ(နိုင်) ၀၀၂၁စ၉	နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၂)	ဦးမောင်မောင်	၁၃/လရန(နိုင်) ၁၀၀၅၂၂	ကွမ်းလုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅၃)	ဦးစိုင်းစမ်(ခ) စိုင်းခွန်မောင်	၁၃/လရန(နိုင်) ၀၃၇၁၃၉၄	သိန်ဖြိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)

(ပုံ) သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃)
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

စဉ်	မဲဆန္ဒနယ်	ကိုယ်စားလှယ်လောင်းအမည်	ပါတီ/တစ်သီးပုဂ္ဂလ	မဲရုံမဲအရေအတွက်	ကြိုတင်မဲအရေအတွက်	ခိုင်လုံမဲစုစုပေါင်း	ခိုင်လုံမဲရာခိုင်နှုန်း
	ရှမ်းပြည်နယ်			၂၆၈၁၂၀	၂၄၃၄၃	၂၉၂၄၆၃	
၁	မက်မန်း			၇၄၅၉	၈၄၄	၈၃၀၃	
		ဦးခမ်းလူ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၆၅၇၃	၇၃၉	၇၃၁၂	၈၈.၀၆%
		ဦးမောရှေ	'၀'အမျိုးသားပါတီ	၈၈၆	၁၀၅	၉၉၁	၁၁.၉၄%
၂	ပင်လောင်း			၉၇၁၇၄	၇၇၃၂	၁၀၄၉၀၆	
		ခွန်ဖိုးစိန်	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၈၀၂၀၅	၃၇၀၉	၈၃၉၁၄	၇၉.၉၉%
		ခွန်ဗိုလ်ဒင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၀၅၃၉	၃၅၃၈	၁၄၀၇၇	၁၃.၄၂%
		ဦးနန္ဒကျော်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၄၆၅၀	၃၉၁	၅၀၄၁	၄.၈၀%
		ဦးသူရအောင်	အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၁၇၈၀	၉၄	၁၈၇၄	၁.၇၉%
၃	ညောင်ရွှေ			၉၆၀၇၈	၄၉၃၃	၁၀၁၀၁၁	
		ဦးထွန်းလှ(ခ)ဦးတိုးရ	အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၄၃၁၃၅	၂၃၅၉	၄၅၄၉၄	၄၅.၀၄%
		ခွန်စိုးခေါင်	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၂၂၁၂၄	၇၅၄	၂၂၈၇၈	၂၂.၆၅%
		ဒေါ်ဖြူလင်းသက်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၇၀၂၂	၁၃၄၆	၁၈၃၆၈	၁၈.၁၈%
		ဦးမျိုးတေဇောအောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၇၇၅	၂၀၄	၅၉၇၉	၅.၉၂%
		ဦးစံတင့်	ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ	၃၂၄၈	၈၀	၃၃၂၈	၃.၂၉%
		ခွန်ဝင်းလွင်ထွေး	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၂၃၈၇	၁၀၆	၂၄၉၃	၂.၄၇%
		ဦးဇင်ဖြိုးလွင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၃၈၇	၈၄	၂၄၇၁	၂.၄၅%
၄	ဖယ်ခုံ			၂၆၅၅	၁၇၂၈	၄၃၈၃	
		စိုင်းကျော်ရင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၅၈၀	၁၅၆၈	၃၁၄၈	၇၁.၈၂%
		ဦးစံထွန်း	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၇၁၂	၇၅	၇၈၇	၁၇.၉၆%
		ဒေါ်ဇင်မာအောင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၁၁	၅၉	၂၇၀	၆.၁၆%
		ဒေါ်စန္ဒာလွင်	အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၁၅၂	၂၆	၁၇၈	၄.၀၆%
၅	သီပေါ			၁၅၆၆၁	၁၁၉၂	၁၆၈၅၃	
		ဦးညီညီဇော်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၈၆၉၃	၃၇၃	၉၀၆၆	၅၃.၇၉%
		ဦးစိုင်းခင်မောင်ရွှေ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၆၉၆၈	၈၁၉	၇၇၈၇	၄၆.၂၁%
၆	မိုးနဲ			၁၅၄၃၄	၄၄၁၆	၁၉၈၅၀	
		စိုင်းကျော်ဝင်း	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၀၂၀၈	၆၉၀	၁၀၈၉၈	၅၄.၉၀%
		ဦးစိုင်းဝင်းဇော်မိုး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၅၂၂၆	၃၇၂၆	၈၉၅၂	၄၅.၁၀%
၇	ကျေးသီး			၁၈၃၀၁	၁၉၀၈	၂၀၂၀၉	
		ဒေါ်နန်းမွန်းအောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၀၉၅၄	၃၂၄	၁၁၂၇၈	၅၅.၈၁%
		စိုင်းကျော်ခိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၇၃၄၇	၁၅၈၄	၈၉၃၁	၄၄.၁၉%
၈	မိုင်းရှား			၁၅၃၅၈	၁၅၉၀	၁၆၉၄၈	
		ဦးစိုင်းနော်ခမ်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၈၂၂၆	၁၁၅၀	၉၃၇၆	၅၅.၃၂%
		ဒေါ်နန်းခမ်းမိုစံ	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၁၃၂	၄၄၀	၇၅၇၂	၄၄.၆၈%

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)
တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၈၁၉၅၅၃ / ၁၃ = ၆၃၀၄၂

စဉ်	PR မဲဆန္ဒနယ်	စဉ်	ပါတီအမည်	ရရှိသော ခိုင်လုံမဲ အရေအတွက်	အခြေခံမဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက်	ကြွင်းကျန်မဲ စုစုပေါင်း	ကြွင်းကျန်မဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက်	ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း	မှတ်ချက်
	ရှမ်းပြည်နယ်								
၁	PR မဲဆန္ဒနယ်အမှတ်(၁)			၈၁၉၅၅၃	၉		၄	၁၃	
		၁။	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ	၃၂၂၇၀၈	၅	၇၄၉၈	-	၅	
		၂။	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၂၄၁၄၇	၃	၃၅၀၂၁	၁	၄	
		၃။	ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ	၁၀၇၃၁၁	၁	၄၄၂၆၉	၁	၂	
		၄။	အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၅၁၉၆၃	-	၅၁၉၆၃	၁	၁	
		၅။	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၄၄၂၃၇	-	၄၄၂၃၇	၁	၁	
		၆။	ပြည်သူ့ရှေ့ဆောင်ပါတီ	၃၀၈၃၀	-	၃၀၈၃၀	-	-	
		၇။	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၉၂၈၂	-	၁၉၂၈၂	-	-	
		၈။	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၉၉၂၇	-	၉၉၂၇	-	-	
		၉။	ပြည်သူ့ပါတီ	၉၁၄၈	-	၉၁၄၈	-	-	

ရှင်းလင်းချက် ။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ပင်းတယ၊ ဟိုပုံး၊ တောင်ကြီး၊ လင်းခေး၊ ရွာင်း၊ ဆီဆိုင်၊ ကလော၊ ရပ်စောက်၊ မိုင်းပန်၊ မောက်မယ် မြို့နယ်မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၉/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ပင်လောင်း၊ ညောင်ရွှေ၊ ဖယ်ခုံ မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်း စဉ်၍ ထားခြင်းဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရွမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၈၈၄၀၃ / ၈ = ၂၃၅၅၀

စဉ်	PR မဲဆန္ဒနယ်	စဉ်	ပါတီအမည်	ရရှိသော ခိုင်လုံမဲ အရေအတွက်	အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက်	ကြွင်းကျန်မဲ စုစုပေါင်း	ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက်	ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း	မှတ်ချက်
	ရွမ်းပြည်နယ်								
၂	PR မဲဆန္ဒနယ်အမှတ်(၂)			၁၈၈၄၀၃	၆		၂	၈	
		၁။	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၈၂၈၈	၃	၃၂၂၃	၁	၄	
		၂။	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၈၂၄၅၆	၃	၁၁၈၀၆	-	၃	
		၃။	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ	၂၃၀၅၉	-	၂၃၀၅၉	၁	၁	

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရွမ်းပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် နမ့်စန်၊ လွိုင်လင်၊ ကွန်ဟိန်း၊ မိုင်းကိုင်၊ လဲချားမြို့နယ် မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၉/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မိုးနဲ၊ ကျေးသီး၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုယေားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲအများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရွမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၆၈၄၄၄ / ၁၄ = ၄၈၈၈

စဉ်	PR မဲဆန္ဒနယ်	စဉ်	ပါတီအမည်	ရရှိသော ခိုင်လုံမဲအရေအတွက်	အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက်	ကြွင်းကျန်မဲ စုစုပေါင်း	ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက်	ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း	မှတ်ချက်
	ရွမ်းပြည်နယ်								
၃	PR မဲဆန္ဒနယ်အမှတ်(၆)			၆၈၄၄၄	၁၃		၁	၁၄	
		၁။	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၀၄၉၆	၈	၁၃၉၂	၁	၉	
		၂။	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၀၇၃၇	၄	၁၁၈၅	-	၄	
		၃။	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၆၂၂၀	၁	၁၃၂၂	-	၁	
		၄။	'ဝ'အမျိုးသားပါတီ	၉၉၁	-	၉၉၁	-	-	

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့ထုတ်သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရွမ်းပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မူဆယ်၊ လားရှိုး မြို့နယ်မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၉/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မက်မန်းမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုယေားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲအများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်(နေပြည်တော်) ကျင်းပရေးဗဟိုကော်မတီ ညီနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်စျေးရောင်းပွဲတော်(နေပြည်တော်) ကျင်းပနိုင်ရေးအတွက် ညီနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများက Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုပွဲတော်ကို MSME လုပ်ငန်းကော်မတီက တာဝန်ခံ၍ နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အေဂျင်စီများနှင့် ပူးပေါင်းချိတ်ဆက်ပြီး အောင်မြင်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် စျေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း၊ စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး လျှပ်စစ်သုံးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ အထည်ချုပ်ပြခန်းများ၊ကုမ္ဗဏီပြခန်းများ အပါအဝင်စုစုပေါင်း ၁၂၆ ခန်းခန့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း။

ပြပွဲနှင့်စျေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပရေးဗဟိုကော်မတီနှင့် ကဏ္ဍအလိုက်ကျင်းပရေးလုပ်ငန်းကော်မတီ ၁၁ ခုကို ဖွဲ့စည်းထားပြီး လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြခန်းများကို အချိန်မီခင်းကျင်းပြသရောင်းချနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဗဟိုကော်မတီ အဖွဲ့ဝင်များက ပိုင်းဝန်းဆွေးနွေးကြရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရန် အခက်အခဲဖြစ်နေသည့် ဆုံးဖြတ်ရန်လိုအပ်မှုရှိနေသော လုပ်ငန်းများကိုလည်း ထည့်သွင်းပြောကြားပေးစေလိုကြောင်း၊ ပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့၏ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ကြရန်၊ အချင်းချင်းချိတ်ဆက်ဆောင်ရွက်ကြရန်၊ အခက်အခဲတစ်စုံတစ်ရာရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြပြီး ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြခန်းတာဝန်ခံများက မိမိတို့ပြခန်းအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ MSME ထုတ်ကုန်ပစ္စည်းများကို အချိန်မီခင်းကျင်းပြသနိုင်ရေးစီမံအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ခင်းကျင်းပြသရောင်းချမည့် ပစ္စည်းများ၊ ရိုးရာအစားအစာများ ပြတ်လပ်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ရိုးရာအစားအစာများသည် ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကျင်းပရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှု၊ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများက လုပ်ငန်းကော်မတီ အလိုက် သတ်မှတ်ထားသည့်လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အေဂျင်စီဥက္ကဋ္ဌများက MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်မည့် အခြေအနေ၊ MSME ဒေသထွက်ကုန်များ ခင်းကျင်းပြသ ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်တွင် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ပြခန်းများဖွင့်လှစ်၍ ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်စျေးရောင်းပွဲတော်(နေပြည်တော်)တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာများကို ပြခန်းများဖွင့်လှစ်၍ ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသ သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ မြေအသုံးချရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲ၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ နှစ်ရှည်သီးနှံဌာနခွဲ၊ ကော်ဖီ–ရာသီ သီးနှံဌာနခွဲနှင့် သကြားထွက်သီးနှံဌာနခွဲဟူသည့် ဌာနခွဲရှစ်ခုမှ မျိုးစေ့အမျိုးမျိုး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးအမျိုးမျိုး၊ နည်းပညာဗဟုသုတများ(နကျယ်မွေးမြူခြင်း၊ ပိုးထောင်ချောက်များ)၊ သီးနှံအမျိုးအစားအလိုက် တန်ဖိုးမြင့်ထုတ်ကုန်အမျိုးမျိုးနှင့်တန်ဖိုးမြင့်စားသောက်ကုန်များ စမ်းသပ်ထုတ်လုပ်ခြင်းပြုလုပ်ပုံ အဆင့်ဆင့်တို့ကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦးက ပြောကြားသည်။

ပြပွဲသို့ လာရောက်လေ့လာသူများအတွက် နည်းပညာဗဟုသုတများ ရရှိမည်ဖြစ်ပြီး အချို့ထုတ်ကုန်များအတွက် ထုတ်လုပ်မှုအဆင့်ဆင့်နှင့် အရည်အသွေးမြှင့်တင်မှု နည်းစနစ်များကိုပါ သိရှိနိုင်မည်ဖြစ်သည့်အပြင် ပြပွဲရှိတာဝန်ခံပညာရှင်များနှင့် တိုက်ရိုက်ဆွေးနွေးခြင်းဖြင့် မိမိတို့လုပ်ငန်းအတွက် လိုအပ်သည့်နည်းပညာများကို အလွယ်တကူမေးမြန်းသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက MSME မွေးမြူထုတ်လုပ်မှုနည်းပညာပေးဆိုင်ရာ ပြကွက်၊မွေးမြူထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းစဉ်များ ပြကွက်၊ MSMEမွေးမြူထုတ်လုပ်မှုအတွက် ပြည်တွင်းထုတ်တိရစ္ဆာန်အစာများ ပြကွက်နှင့် အသား၊ ဥ၊ နို့၊ ပျားထွက်ပစ္စည်းနှင့် ငှက်သိုက်ဆိုင်ရာ တန်ဖိုးမြင့်ထုတ်ကုန်များ ပြကွက်တို့ကို ပါဝင်ပြသသွားမည်ဖြစ်သည်။

ထို့ပြင် အသားနှင့် အသားထွက်ပစ္စည်း ကုန်ချောများ(အမဲသား၊ကြက်သား၊ဘဲသား စည်သွတ်ဘူးများ)၊ အသင့်စားအသားခြောက်များနှင့် ရောစပ်အသားမုန့်များ (အမဲသား၊ကြက်သား၊ဘဲသားစည်သတ်ဘူးများ)၊ နို့နှင့်နို့ထွက်ပစ္စည်းများဖြစ်သည့် နို့ဆီဘူးများ၊ ဒိန်ချဉ်၊ နို့အေးများ၊ ပျားနှင့် ပျားထွက်ပစ္စည်းအမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများ၊ နွားချေး၊ ဆိတ်ချေး၊ ကြက်ချေးနှင့် ငါးအမိုင်နိုတို့ဖြင့် ပြုလုပ်ထားသောဇီဝမြေဩဇာအမျိုးမျိုး၊ အသင့်သုံးတိရစ္ဆာန်စပ်စာအမျိုးမျိုး၊ သားရေထည်လူသုံးပစ္စည်းများ၊ ငှက်သိုက်ဆိုင်ရာ အဆောက်အအုံနှင့် ထုတ်ကုန်များ၊ မွေးမြူထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ (Battery cage, Weigh machine–mini, AI tool kits)၊ ဥပဒေနှင့် အမိန့်ညွှန်ကြားချက်များ၊ နည်းပညာပေးစာအုပ်၊ စာစောင်များ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ငန်းစဉ်များ စသည့်ပစ္စည်းများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ဒေသအသီးသီးက MSME လုပ်ငန်းရှင်တွေ အတွက် မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေးစတဲ့ထုတ်ကုန်တွေကို တရားဝင်မှတ်ပုံတင်နိုင်ဖို့အတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ၊ ဆက်စပ်ပစ္စည်းတင်သွင်းမယ့် လုပ်ငန်းစဉ်တွေကို OSS ရုံးခန်းဖွင့်ပြီး ရှင်းလင်းပြသတာတွေ၊ လက်တွေ့ဝန်ဆောင်မှု ပေးတာတွေကို ပြခန်းမှာ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးဝင်းဦးက ရှင်းပြသည်။

ယခုနှစ် ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးအစီအစဉ်အဖြစ် ပို့ကုန်သွင်းကုန်အတွက် OSS ရုံးခန်းဖွင့်ပေးခြင်း၊ ရေဆင်းတွင် တည်ရှိသည့် ရိတ်သိမ်းချိန်လွန်နည်းပညာ နိုင်မှာဖြစ်ပါတယ်။ လာရောက်ပြသကြမယ့်ဒေသအသီးသီးက မွေးမြူရေးဆိုင်ရာ MSME လုပ်ငန်းရှင်တွေ အတွက်လည်း ထုတ်ကုန်တွေအတွက် ပြည်ပတင်ပို့ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းတွေ၊ ဆက်စပ်ပစ္စည်းတင်သွင်းမယ့် လုပ်ငန်းစဉ်တွေကို OSS ရုံးခန်းဖွင့်ပြီး ရှင်းလင်းပြသတာတွေ၊ လက်တွေ့ဝန်ဆောင်မှု ပေးတာတွေကို ပြခန်းမှာ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ တောင်သူတွေအနေနဲ့ စိုက်ပျိုးနည်းပညာရပ်တွေနဲ့ စိုက်ခင်းထွက်သီးနှံတွေကို တန်ဖိုးမြင့်စားသောက်ကုန်တွေ တစ်ပိုင်တစ်နိုင် စမ်းသပ်ထုတ်လုပ်နိုင်ဖို့ နည်းပညာရပ်တွေကို လေ့လာသိရှိ ဌာန(PHRI)က ဆောင်ရွက်ထားသည့် MSME အထောက်အကူပြုသုတေသနများ ဖြစ်သည့် ဝိုင်အမျိုးမျိုး(နာနတ်သီး၊ နဂါးမောက်သီး၊ စပျစ်သီး၊ ချဉ်ပေါင်ဖူး)၊ ဖျော်ရည်အမျိုးမျိုး (ဆီးသီး၊ စပျစ်သီး၊ နဂါးမောက်သီး၊ ချဉ်ပေါင်ဖူး)၊ အမှုန့်အမျိုးမျိုး ပြုလုပ်ပုံ၊ ပြုလုပ်နည်းများပြသပေးခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်အတွက် OSS ရုံးခန်းဖွင့်လှစ်ပေးခြင်း၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီ တိုင်းဒေသကြီးတို့တွင် ငှက်သိုက်ထုတ်လုပ်ရန် ဧီဝဓိုးငှက်များကို လျောင်အိမ်ဖြင့် မွေးသည့်စနစ်ကို ပြသခြင်းတို့ကို ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

အေးအေးသန့်

"ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာအတွက် ICJ တွင် စွမ်းစွမ်းတမံ ကာကွယ်နေကြသူများရှိသလို သူခိုးဝေးရိုးကမ်းချင်ကြသော အမျိုးသားရေးသစ္စာဖောက်များလည်းရှိနေ"** ခေါင်းစဉ်ဖြင့် ၄-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၁-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"နားယောင်လို့ပဲစွန့်ခွာခွာ၊ ခြိမ်းခြောက်မှုအခက်အခဲကြောင့်ပဲ စွန့်ခွာခွာ၊ နိုင်ငံတော်နဲ့အစိုးရရဲ့ စေတနာထားဖြေလျှော့ပေးချိန်မှာ CDM ခေါင်းစဉ်အောက်မှ ဝန်ထမ်းများ ဂုဏ်သိက္ခာနဲ့ ဘဝအတွက် ဌာနေပြန်ဝင်သင့် "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဗြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမိုးဝင့်အောင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမီမီချိုထွေးအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူ့သို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ့ကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေး ခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် တော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

ထူးခြားသည့် ညအပူချိန်များ

(၂-၂-၂၀၂၆)

ဟားခါး	၂	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်	တီးတိန်	၆	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မိုင်းယန်း	၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	နမ့်စန်	၆	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ဟဲဟိုး	၅	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်	လားရှိုး	၇	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
လွှင်လင်	၆	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်	ပူတာအို	၈	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်

ရောဝတီမြစ်ရေ နည်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၂

ရောဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်ကိုင်းမြို့တွင် ၁၈၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၁၇၀ အောက်သို့ ရောက်ရှိနိုင်သည်။ (မိုး/ဇလ)

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၊ ၀၉-၃၄၉၀၃၀၃၃၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၀၃၃၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၅၅၃၀၊ ၀၅၈-၂၀၂၃၅၃
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၅၇

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့် အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လျှောဒါန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောကဓာတုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလ အလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လျှောဒါန်းနိုင်ပြီး လျှောဒါန်းသည့်အလျှောရင်များ၏ အမည်များကို မှတ်တမ်းကမ္ဘည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လျှောဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား
ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

(သတင်းစဉ်)

☆ **ကျောဖုံးမှအဆက်**

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် KNDF၊ အင်းလေး PDF၊ ရှမ်း(တောင်)PDFနှင့် DPLA အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ရွာငံမြို့နယ်၊ ပင်းတယမြို့နယ်၊ မိုးဗြဲ-ဖယ်ခုံမြို့နယ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တို့မှ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း၂၄ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့်၎င်းတို့၏ မိဘအုပ်ထိန်းသူများ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများအသီးသီး ပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက်ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်အတောင့်၄၀ တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က လက်ခံရယူသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကို မောင်းပြန်ရိုင်ဖယ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် နှစ်လက်အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် အလင်းဝင်ရောက်လာသူ အားလုံးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ၂၄ ဦးအတွက် ဆုကြေးငွေကျပ် ၄၈ သိန်း စုစုပေါင်းငွေကျပ် ၁၄၈ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပြန်လည်ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများကိုယ်စား ဥပဒေဘောင်အတွင်းဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါသည်-

"အကြမ်းဖက်အဖွဲ့ထဲကို မဝင်ရောက်ခင် အောင်ပန်းမြို့နယ်မှာ မိဘတွေနဲ့အတူနေထိုင်ပြီးတော့ ဒသမတန်းတက်ရောက်နေချိန်မှာ တစ်ရွာတည်းနေ သူငယ်ချင်းက စည်းရုံးခဲ့လို့ DPLA အကြမ်းဖက်အဖွဲ့ထဲကို ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အမျိုးသမီးဖြစ်တာကြောင့် တိုက်ခိုက်ရတာမျိုးမရှိဘဲ အဖွဲ့ထဲမှာ ခေါင်းဆောင်ပိုင်းတွေက ခွဲခြားဆက်ဆံတာတွေ အာဏာပြဆဲဆိုတာတွေ တော့ရှိပါတယ်။ ကျွန်မအနေနဲ့ အမျိုးသမီးတစ်ဦးဖြစ်တာကြောင့် အဖွဲ့ထဲမှာနေထိုင်ရတာ ဘဝလုံခြုံမှုမရှိပါဘူး။ ခေါင်းဆောင်ပိုင်းများမှာလဲ အာမခံချက်နဲ့လက်တွေ့ လုပ်ဆောင်ချက်မှာ တူညီမှုမရှိဘဲ ခွဲခြားဆက်ဆံမှုတွေ လုပ်ဆောင်လာတဲ့အတွက် အဖွဲ့ထဲမှာ နေထိုင်ရတာ အချိန်ကြာတာနဲ့ အမျှ စိတ်ဓာတ်ကျဆင်းလာခဲ့ပါတယ်။ ကျွန်မအနေနဲ့ ခေါင်းဆောင်ပိုင်းတွေရဲ့ လုပ်ရပ်တွေကို သဘောမကျလို့ တပ်မတော်ထဲ အလင်းဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အလင်းဝင်ချိန်မှာတော့ ဝါဒဖြန့်ပြောထားသလို ရိုက်နှက်တာမျိုး၊ ထောင်ချတာမျိုးတွေမရှိပါဘူး။ ကျွန်မတို့ရောက်ရှိလာတဲ့ အချိန်ကျတော့ တပ်မတော်က တာဝန်ရှိသူတွေက သားသမီးတစ်ဦးသဖွယ် နွေးထွေးစွာပြောဆိုဆက်ဆံတယ်။ ကောင်းမွန်စွာထားပြီး မိသားစုသဖွယ် ဆက်ဆံတဲ့အတွက် လွန်စွာဝမ်းသာ ကျေနပ်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ အခုလို အလင်းဝင်ရောက်တဲ့လမ်းကြောင်းကို ရွေးချယ်ခဲ့မိတာ မှန်ကန်တယ်လို့မြင်မိပါတယ်။ အခုလိုအလင်းဝင်ရောက်ပြီးတော့ မိသားစုနဲ့အတူ မြို့ရွာတွင်းမှာ အေးအေးချမ်းချမ်းနေထိုင်ပြီး ပညာဆက်လက်သင်ကြားကာ နိုင်ငံနှင့် လူမျိုးအပေါ်အကျိုးပြုနိုင်သူ တစ်ယောက်ဖြစ်အောင် ကြိုးစားနေထိုင်သွားမှာပါ။ အနာဂတ်မျိုးဆက်သစ် လူငယ်များအနေနဲ့ အကြမ်းဖက်အဖွဲ့များ၏ မဟုတ်မမှန်ဝါဒဖြန့် ပြောဆိုစည်းရုံးမှုများကို နားမယောင်ကြစေလိုပဲ ရှေ့ဆက်လမ်းမှားကို မလျှောက်လှမ်းနိုင်ဖို့ရန် ပညာရေးကိုသာ ပြီးမြောက်အောင်သင်ကြားကာ နိုင်ငံအတွက် အကျိုးပြုနိုင်တဲ့ လူတော်လူကောင်းများ ဖြစ်အောင် နေထိုင်သွားဖို့ အကြံပြုလိုပါတယ်"ဟု ပြောသည်။

"DPLA အကြမ်းဖက်အဖွဲ့ကနေ အလင်းဝင်ရောက်လာတာဖြစ်ပါတယ်။ ကျွန်တော် DPLA အကြမ်းဖက်အဖွဲ့ကို မဝင်ရောက်ခင် အချိန်မှာ မိဘတွေနဲ့အတူနေထိုင်ပြီး တောင်ယာလုပ်ငန်း လုပ်ကိုင်နေခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ၂ လပိုင်းလောက်မှာ အကြမ်းဖက်အဖွဲ့ဝင်တွေဖြစ်တဲ့ DPLA အကြမ်းဖက်အဖွဲ့တွေက ဖမ်းဆီးလူသစ်စုဆောင်းခဲ့မှုကြောင့် DPLA အကြမ်းဖက်အဖွဲ့ဝင်အဖြစ် ရောက်ရှိခဲ့ရခြင်းဖြစ်ပါတယ်။ အကြမ်းဖက်သင်တန်းကို သီပေါမြို့နယ် အတွင်းမှာရှိတဲ့ တောတွင်းတစ်နေရာမှာ သင်တန်းတက်ရောက်ခဲ့ရပြီး နောင်ချိုမြို့နယ်ထဲမှာ တပ်မတော်နဲ့ တိုက်ပွဲဖြစ်ပွားနေတဲ့ ရှေ့တန်းတစ်နေရာကို ပို့ဆောင်ခံခဲ့ရတယ်။ TNLA အကြမ်းဖက်အဖွဲ့တွေကလဲ ကျွန်တော်တို့ DPLA အကြမ်းဖက်အဖွဲ့တွေကို လူမျိုးရေးခွဲခြားဆက်ဆံတာ လုပ်တဲ့အပြင် နောင်ချိုမြို့နယ်မှာ တပ်မတော်က အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့လို့ ကိုယ့်အသက်မသေအောင် ပုန်းအောင်းနေထိုင်ခဲ့ရတယ်။ အဲ့ဒါကြောင့် အကြမ်းဖက်အဖွဲ့ထဲက ခေါင်းဆောင်ပိုင်းတွေရဲ့ လုပ်ရပ်တွေကို မကြိုက်လို့ တပ်မတော်ထံ အလင်းဝင်ရောက်ဖို့ စိတ်ကူးမိခဲ့ပါတယ်။ တပ်မတော်ထံကို အလင်းဝင်ရောက်သွားသူတွေကို သတ်ပစ်တာတွေ၊ ထောင်ထဲပို့တာတွေ လုပ်တယ်လို့ ဝါဒဖြန့်ပြောကြားထားလို့ အလင်းဝင်ဖို့ စိုးရိမ်မိတယ်။ ဒါပေမဲ့လဲ အမှန်တကယ် အလင်းဝင်လာတဲ့ အချိန်မှာ သတ်ပစ်တာမျိုး၊ ထောင်ချတာမျိုးတွေ မရှိပါဘူး။ ကျွန်တော်ရောက်ရှိလာတဲ့ အချိန်မှာတော့ တပ်မတော်က တာဝန်ရှိသူတွေကနွေးထွေးစွာပြောဆိုဆက်ဆံတယ်။ ကျွန်တော့်အနေနဲ့ အခုလို အလင်းဝင်ရောက်တဲ့လမ်းကြောင်းကို ရွေးချယ်ခဲ့မိတာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ အကြမ်းဖက်အဖွဲ့ထဲက ဓနုလူမျိုးလူငယ်တွေကို တောထဲမှာနေပြီး အကြောင်းမဲ့သေဆုံးရမယ့်အစား၊ မိသားစုနဲ့အတူ ပြန်လည်နေထိုင်ပြီး ဘဝကိုအေးချမ်းစွာ ဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့လက်တွဲပြီး အလင်းဝင်ရောက်လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျာ"ဟု ပြောသည်။ **(၅၀၁)**

KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် အသက် ၁၀ နှစ်အရွယ် ကလေးငယ် နှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိ၊ စာသင်ဆောင်များ ထိခိုက်ပျက်စီးဆုံးရှုံး

KIA အဖွဲ့နှင့် KPDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက် ၁၀နှစ်အရွယ် ကလေးငယ် နှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့မှုမှတ်တမ်းဓာတ်ပုံ။

KIA အဖွဲ့နှင့် KPDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် စာသင်ဆောင်များ ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် ဖားကန့်ဒေသအတွင်း KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ကျေးရွာများအတွင်း ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်း၊ ၎င်းတို့ကို မထောက်ခံသည့် ကျေးရွာများကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဖားကန့်မြို့အတွင်းသို့ မြို့၏အနောက်တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် အခြေခံပညာအထက်တန်းကျောင်း (ဖားကန့်) အဆောက်အအုံနှင့် အနီးဝန်းကျင်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ဆောင်အဆောက်အအုံများ ပျက်စီးပညာသင်ယူလျက်ရှိသည့် ဖားကန့်မြို့ ၄က်ပျောတောရပ်ကွက်နေ မောင်လင်းခန့်ကိုနှင့် ဂျန်ဂတ်ကျေးရွာနေ မရွန်ဒင့်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရပြီး အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ် နှစ်ဦးကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အနေဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ယခုတွင်လည်း မြို့ရွာများအတွင်းသို့ ဆင်ခြင်တွေးခေါ်စဉ်းစားနိုင်စွမ်း နည်းပါးစွာဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပညာသင်ကြားနေသည့် အနာဂတ်ကလေးငယ်များ အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် အကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများ၊ အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေးကို လိုအပ်သလို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်နံနက်ပိုင်းတွင်လည်း KIA အဖွဲ့နှင့် KPDF ဆုံးရှုံးခဲ့ရကာ Grade–4 တွင် တက်ရောက် ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ဒေသ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ပညာရေး ကြောင်း သတင်းရရှိသည်။ (၅၀၁)

ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံးကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို တစ်နှစ် တစ်ကြိမ် ပုံမှန်ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် သို့မဟုတ် ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Hein Htet Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် နောင်ခမ်းကြီးကျေးရွာနေ ဟိန်းထက်ထွန်းခေါ် သားသားကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)

မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ဘုတလင် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၄၁၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၁၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲဧက ၁၄၁၀၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၄၁၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ မြေပဲတစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ငပုတော ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ ငပုတောမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ ဒေသထွက် စပါးလက်ကျန်အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ဈေးကလဲ ပုံမှန်အခြေအနေမှာ ရှိနေပါတယ်"ဟု ငပုတောမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

လင်းခေးမြို့နယ် ဟွေနိမ့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

လင်းခေး ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဟွေနိမ့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဟွေနိမ့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာ အသုံးပြုကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

လင်းခေးမြို့နယ် ဟွေနိမ့် ကျေးရွာ၌ အရှည်ပေ ၅၀၀ စိမ့်စမ်းရေထွက်မှ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၂၉ သန်း စုစုပေါင်း ငွေကျပ် ၁၆ ဒသမ ၂၉ သန်း အသုံးပြု၍ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် သြဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မင်းမြင့်မိုရ်

တို့တိုင်းပြည် ဂုဏ်တင့်ဖို့

- ဘာမထီ မြန်မာပြည်သား
  ဇာနည်ဖွား အားမာန်ရှင်၊
  ဘုံရန်သူ မိုက်အရှုပ်ကို
  တိုက်ထုတ်ဖို့ပြင်၊
  ပြည်သူ့အတွက် ထာဝစဉ်
  ပမာတင် သူရဲကောင်း၊
  တို့တိုင်းပြည် အလှလွှမ်း၍
  ငြိမ်းချမ်းစေကြောင်း။

- ဘေးဘယာ ဝေးကွာညောင်း
  တေးကဗျာလောင်း ပျံ့လွင့်နေ၊
  ပန်းသပြေ ရေစင်ဖျန်းလို့
  လန်းဆန်းပါစေ၊
  ပြည်သူချစ် မေတ္တာဝေ
  သစ္စာမြေ မယိုင်လဲ၊
  တို့တိုင်းပြည် ဖွံ့ဖြိုးလျက်
  တိုးတက်အမြဲ။

- အကြင်နာ လက်ချင်းတွဲ
  ဆက်နှင်းဆဲ ပန်းတိုင်ဆီ၊
  အေးအတူ ပူအမျှ
  နေကြတူညီ၊
  တရားမျှတ အခြေတည်
  မသွေဖည် သမိုင်းစဉ်ဆက်၊
  တို့တိုင်းပြည် တို့လူမျိုး
  ဘုန်းတန်ခိုးထက်။

- ယှဉ်ပြိုင်သူ အရှုံးဖက်ဖို့
  ပခုံးထက်က တို့တာဝန်၊
  ပြည်သူတွေ လက်ဆင့်ကမ်းလျက်
  ဝန်ထမ်းကျေပွန်၊
  ကြိုးစားကြ လူကောင်းလူမွန်
  ရွှပ်ရွှပ်ချုံချုံ တို့စွမ်းပကား၊
  တို့တိုင်းပြည် အလှဆင့်ကာ
  ဂုဏ်တင့်စေသား။ ။

အဝေရာကိုကို

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ မြန်မာစာဘာသာရပ် သိကောင်းစရာ

ဒေါက်တာလွင်မာဦး၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၆ ခုနှစ် မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန် ဖြစ်ပါသည်။ ယခု သင်ရိုးသည် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြား စွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျမြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံဝင်ခွင်ကျ ဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့် အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့်ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်းဟူသော အဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု

ဒွါဒသမတန်း (တက္ကသိုလ်ဝင်တန်း) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း(၃)ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး(၇)ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန် မေးခွန်းကြီး (၁)ပုဒ်၊ မေးခွန်းတိုများ ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ ကဗျာမေးခွန်းရှည် (၁)ပုဒ်၊ စကားပြေမေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံး မေးခွန်းကြီး (၁)ပုဒ်နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းရှည်ကြီး(၁) ပုဒ် စုစုပေါင်း (၇) ပုဒ် ဖြစ်ပါသည်။ အချို့မေးခွန်းများတွင် ရွေးချယ်စရာ မေးခွန်းများလည်း ပါဝင်ပါသည်။

မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်

မေးခွန်းနံပါတ်(၁)

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁)သည် ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ၊ ကျည်ကက်ခြင်း ရှိ၊ မရှိ တို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျည်ကက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင် ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ) ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန် မေးခွန်းများ ပါဝင်ပါသည်။

မေးခွန်း ၁(က)တွင် မှား၊ မှန်ရွေးသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများ ပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

နမူနာ

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

(၁) ဦးဖေမောင်တင် အတ္ထုပ္ပတ္တိသည် မင်းယုဝေ၏ _____စာအုပ်မှ ရွေးချယ်ချက်ဖြစ်သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာ သုံးခုထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ် သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၁။ (ဂ) အောက်ပါတို့အနက် ငါးခုကို ရွေးချယ်ပြီး မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

ရွှေရည်သောက်၊ နှင်းထက်သည်း၊ ဒဂါးဝိုင်းလောက်၊ အင်ဂျင်နီယာဌက်၊ မဂ်ငြမ်း၊ ဂလုံဆန်၊ ရွက်အုပ်သီးပူ။

အဖြေ- ရွှေရည်သောက်= ရွှေရည်လိမ်းကျံသည်ဟု တိုက်ရိုက်မရေးဘဲ ရွှေရည်သောက်ဟု သွယ်ဝိုက်ရေးဖွဲ့ထားသော ကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရေသည်ပြဇာတ်စကားစပ် မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ) အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသား ပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅) မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာ ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန်ပြုသင့်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၂။ (ဂ) တစ်ခါတစ်ရံ၊ လောကခံမှာ၊ ကံမျက်စိလည်လို့မှ၊ ပြောင်နိုင်တယ်မရှိ၊ ရေရွက်လို့ရောင်း၊ ဝမ်းကိုကျောင်းရတယ်၊ ခေါင်းကျိန်းလို့ ရိုခဲ့ပြီ။ ပဲစိတစ်ဝက်၊ ပြောင်းတစ်ဝက်နှင့်၊ ဆန်ပြက်သိကာ၊ ပါကောင်းလို့ ပါတော့တယ်။

မေးခွန်းနံပါတ်၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတို့ ဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်း(၃)မှ အကြောင်းအရာတစ်ခုခုကို မေးပါမည်။ ဖြေဆိုရာ တွင် လိုရင်းတိုရှင်းရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်းကို ရှင်းလင်းဖြေဆိုပါ။

မေးခွန်းနံပါတ် (၃)

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ (၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ် တစ်ဝက်၊ ကိုယ်ပိုင်အရေးအသားတင်ပြမှု စွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက်သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြေဖြေဆိုရေးသားမည်ဆိုပါက အချက်အလက်အားလုံး ပါဝင်သော်လည်း မေးခွန်း၏ ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာရမည် ဖြစ်ပါသည်။ မေးခွန်း၏ရှုထောင့်နှင့် အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသားအတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

နမူနာ

၃။ "ကမ္ဘောဇော်"ကဗျာတွင် စာဆိုသည် မောရှမ်းတို့၏ ပေါ်ကြို့ပွဲတော်ကို မည်သို့သရုပ်ဖော် ရေးဖွဲ့ထားသနည်း။

မေးခွန်းနံပါတ်(၄)

မေးခွန်းနံပါတ်(၄)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၂) စကားပြေ(၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည် ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည် ဖြစ်ပါသည်။

နမူနာ

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

(၁) ဦးဖေမောင်တင် အတ္ထုပ္ပတ္တိသည် မင်းယုဝေ၏ _____စာအုပ်မှ ရွေးချယ်ချက်ဖြစ်သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာ သုံးခုထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ် သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၂။ (ခ) အောက်ပါတို့အနက် ငါးခုကို ရွေးချယ်ပြီး မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

ရွှေရည်သောက်၊ နှင်းထက်သည်း၊ ဒဂါးဝိုင်းလောက်၊ အင်ဂျင်နီယာဌက်၊ မဂ်ငြမ်း၊ ဂလုံဆန်၊ ရွက်အုပ်သီးပူ။

အဖြေ- ရွှေရည်သောက်= ရွှေရည်လိမ်းကျံသည်ဟု တိုက်ရိုက်မရေးဘဲ ရွှေရည်သောက်ဟု သွယ်ဝိုက်ရေးဖွဲ့ထားသော ကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရေသည်ပြဇာတ်စကားစပ် မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ) အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသား ပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅) မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာ ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန်ပြုသင့်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၂။ (ဂ) တစ်ခါတစ်ရံ၊ လောကခံမှာ၊ ကံမျက်စိလည်လို့မှ၊ ပြောင်နိုင်တယ်မရှိ၊ ရေရွက်လို့ရောင်း၊ ဝမ်းကိုကျောင်းရတယ်၊ ခေါင်းကျိန်းလို့ ရိုခဲ့ပြီ။ ပဲစိတစ်ဝက်၊ ပြောင်းတစ်ဝက်နှင့်၊ ဆန်ပြက်သိကာ၊ ပါကောင်းလို့ ပါတော့တယ်။

မေးခွန်းနံပါတ်၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတို့ ဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်း(၃)မှ အကြောင်းအရာတစ်ခုခုကို မေးပါမည်။ ဖြေဆိုရာ တွင် လိုရင်းတိုရှင်းရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်းကို ရှင်းလင်းဖြေဆိုပါ။

မေးခွန်းနံပါတ် (၃)

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ (၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ် တစ်ဝက်၊ ကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည် ဖြစ်ပါသည်။

စာမျက်နှာ ၂၈ သို့

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အင်္ဂလိပ်စာဘာသာရပ် သိကောင်းစရာ

ဒေါက်တာဖြူဖြူသင်း၊ ပါမောက္ခ (ဌာနမှူး)၊ အင်္ဂလိပ်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

ယနေ့ပို့ချချက်ဟာ ၂၀၂۶ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုမည့် ကျောင်းသား ကျောင်းသူတွေ အတွက် အင်္ဂလိပ်စာ မေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ Unit (၁၂)ခု ပါရှိပြီး Unit (၃) ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာသင်ခန်းစာတို့ ပါဝင်ပါတယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading၊ vocabulary၊ grammar၊ listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်း ပါရှိပါတယ်။ ၂၀၂۶ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ် မေးမှာ ဖြစ်ပါတယ်။ အဲဒီ မေးခွန်းတွေအများစုဟာ Grade 12 စာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၁ ကတော့ Complete the sentences with the appropriate words. The initial letters are given. ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခု မေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားပါတယ်။

ဥပမာ –

In some areas, hydroelectric dams use the energy of flowing water to g---------- electricity. လို့ ပေးထားရင် သင့်လျော်တဲ့ စကားလုံးဖြစ်တဲ့ generate ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။ အဖြေပဲရေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား ကျောင်းသူတွေရဲ့ စကားလုံးအနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့ စကားလုံးသုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ မေးခွန်းနံပါတ် ၂ ကတော့ Choose the appropriate words or phrases to complete the sentences. ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခုနဲ့ မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာပေးထားတဲ့ စကားလုံး(၃)လုံးထဲကနေပြီး အဲဒီ ဝါကျအတွက် မှန်ကန်တဲ့စကားလုံးကို ရွေးချယ်ရမှာ ဖြစ်တယ်။

ဥပမာ –

For many people these days, a mobile phone is no longer a luxury but a ----------. ဆိုတဲ့မေးခွန်းမှာ

(A) need (B) necessity (C) demand

လို့ ပေးထားရင် အဖြေမှန်ဟာ (B) necessity ဖြစ်ရပါမယ်။ နောက်ဥပမာတစ်ခုဖြစ်တဲ့

Coffee was one thing that ---------- me get through the morning.

(A) let (B) felt (C) helped

လို့ ပေးထားရင် သဒ္ဒါအရရော အဓိပ္ပာယ်အရပါ မှန်တဲ့အဖြေဟာ (C) helped ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ်သိရှိမှု၊ သဒ္ဒါကို မှန်မှန်ကန်ကန် သုံးစွဲနိုင်မှုရှိ၊ မရှိကို စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၃ အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့အတွက် Rewrite the sentences according to the instructions given in brackets. လို့ မေးထားတယ်။ ဝါကျ(၁၀)ကြောင်းကို ကွက်လပ်ထဲမှာ ပေးထားတဲ့ ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10, Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဥပမာ –

Thu Thu didn't go to the get-together party because she had to work late. (Use the zero/ first/ second/ third conditional.) လို့ မေးလာခဲ့ရင်

If Thu Thu had not had to work late, she would have gone to the get-together party./

သို့မဟုတ်

Thu Thu would have gone to the get-together party if she had not had to work late. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဖြေဆိုရာမှာ Subordinate clause ဖြစ်တဲ့ If clause ကို ရှေ့ကထားရေးမယ် ဆိုရင် ',' ကို မဖြစ်မနေထည့်ပေးရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် IV မှာ အပိုင်း ၂ ပိုင်း ပါရှိပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေကို ကျေကျေညက်ညက် လေ့လာထားခြင်းရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

IV (A) ကတော့ Write the appropriate words or groups of words to complete the lines of verse. လို့ မေးထားပါတယ်။ Grade 12 မှာပါတဲ့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းပေးထားပြီး အဲဒီစာကြောင်းထဲမှာရှိတဲ့ ကွက်လပ်ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကိုဖြည့်ရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုတယ်။

ဥပမာ –

And looked down one as far as I could

To where it bent in ----------;

လို့ မေးရင် the undergrowth လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။

IV (B) ကတော့ Answer the questions in complete sentences. ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျနဲ့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ۶ မှ ၉ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာ ဖြစ်ပါတယ်။

ဥပမာ –

Why are diet and nutrition considered the most fundamental human needs? လို့မေးရင်

Diet and nutrition are considered the most fundamental human needs because they are essential for our health, energy and growth.လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။

မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာမှာပါတဲ့ စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

မေးခွန်းနံပါတ်ငယ် ၁၀ အတွက် ဥပမာ တစ်ခုကတော့

Yet knowing how way leads on to way,

I doubted if I should ever come back.

လို့ ကဗျာထဲက စာကြောင်းနှစ်ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီ ကဗျာနှစ်ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်း အဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၅ ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား ကျောင်းသူများလေ့လာထားပြီး ဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။ V (A) က Write the correct word or words to complete each sentence. ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်းပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စု ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ "As a result, the amount of carbon dioxide (CO_2) in the atmosphere is increasing dramatically." လို့ပေးထားပြီး "We may have a --------- in the amount of atmospheric carbon dioxide if we continue to use fossil fuel." လို့ မေးလာရင် ပေးထားတဲ့အတိုင်း ပြန်ကူးချလို့ မရပါဘူး။ စာပိုဒ်ထဲက is increasing dramatically" ဟာ verb phrase ဖြစ်နေပြီး မေးထားတဲ့ဝါကျမှာ ဖြေရမယ့်အဖြေဟာ noun phrase ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ dramatic increase ဖြစ်ပါတယ်။

V (B) ကတော့ "Answer each question in one sentence. ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့အကြောင်းအရာအချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကို မေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် လေ့ကျင့်ထားဖို့ လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ "... the Earth is running out of fossil fuels, which means that there is a need for alternative sources of energy for use on a wide scale." လို့ပေးထားပြီး Why do we need alternative sources of energy for our day-to-day life? လို့မေးထားရင် အဖြေက " We need alternative sources of energy for our day-to-day life because the Earth is running out of fossil fuels." လို့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းပုံစံအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

မေးခွန်း နံပါတ် ۶ ကတော့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့ စာပိုဒ်များပါတဲ့ unseen reading passage ကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂မျိုးနဲ့မေးမှာ ဖြစ်ပါတယ်။ Unseen passage ဖြစ်ပေမယ့် ကျောင်းသား ကျောင်းသူတို့ language level နဲ့ ကိုက်ညီမယ့် အကြောင်းအရာတွေပါတဲ့ စာပိုဒ်မျိုးကို ပေးထားမှာဖြစ်ပါတယ်။ ဒီလို မေးခွန်းများကို ဖြေဆိုတတ်အောင် ကြိုတင်လေ့ကျင့်ထားရင် ကျောင်းသား ကျောင်းသူအများစုဟာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်တယ်။

VI (A) ကတော့ "Find the bold-faced words in the passage that are similar in meaning to the following. There is an extra." ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံးခြောက်လုံးပါမှာ ဖြစ်တယ်။ အဲဒီစကားလုံးလေးတွေနဲ့ အဓိပ္ပာယ်တူ စကားလုံး (သို့မဟုတ်) စကားစု ၅ ခု ပေးထားတဲ့အတွက် စကားလုံးတစ်လုံး အပိုပါတာကို သတိပြုရမှာ ဖြစ်ပါတယ်။

ဥပမာ– miserable လို့မေးထားလျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ မေးခွန်းရဲ့အဖြေမှန် melancholic ကို ရေးပေးရမှာဖြစ်ပါတယ်။

VI (B) ကတော့ Answer the following questions. Give complete answers. ပဲဖြစ်ပါတယ်။

မေးခွန်းရဲ့မေးထားတဲ့အချက်ကို စာပိုဒ်မှာရှာပြီး ဖြေပေးရမှာဖြစ်တယ်။ According to the passage, what does the writer suggest? Do you agree with it, and why or why not? လို့မေးရင် စာရေးဆရာရဲ့ အကြံပြုချက်၊ ထင်မြင်ယူဆချက် စတဲ့အကြောင်းရင်းကို မေးတာဖြစ်ပါတယ်။ အဲဒီတော့ အဖြေက According to the passage, the writer suggests that the best way to lead a life is to live in the moment.

အဲဒီနောက်က မေးတဲ့ Do you agree with it, ... ကတော့ ကိုယ်က စာရေးဆရာရဲ့ အမြင်နဲ့ပတ်သက်ပြီး သဘောတူ မတူမေးတာဖြစ်လို့ "Yes or No" ဖြေပေးရမှာပါ။ ဒ့ါအပြင် "... and why or why not?" လို့ မေးတာဖြစ်တဲ့အတွက် ကိုယ်ဘာကြောင့်သဘောတူလဲ၊ မတူဘူးလဲဆိုတဲ့ အကြောင်းရင်းကို ဖြေပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် သဘောတူရင်

Yes, (I agree with it) because it is important to concentrate on the present situation rather than the past and the future. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

သဘောမတူရင်တော့

No, (I do not agree with it) because we need to consider all the consequences of the past and take the previous lesson based on the mistakes we made. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒါကတော့ ဥပမာ ဖြေပေးထားတာဖြစ်ပါတယ်။ ဆီလျော်မှန်ကန်တဲ့ အဖြေဆိုရင် လက်ခံပါတယ်။

စာမျက်နှာ ၂၈ သို့

စာမျက်နှာ ၂၆ မှအဆက်

မေးခွန်း၏ရှုထောင့်ကို သတိမထားဘဲ မိမိကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုသာ ရေးသားပါက ပေးမှတ် တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

နမူနာ

၄။ "သစ္စာနှင့်ပညာ" ဝတ္ထုစကားပြေမှ ရရှိသောအကျိုးကျေးဇူးများကို ဝေဖန်သုံးသပ်ပါ။

မေးခွန်းနံပါတ်(၅)

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှ အကြောင်းအရာသို့မဟုတ် အရေးအသားကို မေးမြန်းသော ပြဇာတ်မေးခွန်းရှည်ဖြစ်ပါသည်။ ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာ မေးသည့်အကြောင်းအရာပိုင်းလည်း ဖြစ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်ကိုလေ့လာရာတွင် ပြဇာတ်သဘောသဘာဝနှင့် ပြဇာတ်အင်္ဂါရပ်ကို သိရှိနားလည်ရန်၊ ပြဇာတ်၏ အရသာကို ခံစားတတ်စေရန်၊ ပြဇာတ်အရေးအဖွဲ့၏ စာပေလက်ရာများကို အကဲဖြတ်နိုင်ရန် လိုအပ်လှပါသည်။ ပြဇာတ်၏သဘောသဘာဝ၊ ပြဇာတ်၏ဖန်တီးမှုအတတ်ပညာ၊ ပြဇာတ်၏ အရေးအသားတို့ကို သိရှိနားလည်လေ့လာဆည်းပူးထားရမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

နမူနာ

၅။ ရေသည်ပြဇာတ်မှ ဇာတ်ဆောင်စရိုက်အဖွဲ့များကို ဆန်းစစ်တင်ပြပါ။

မေးခွန်းနံပါတ်(၆)

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်းဖြစ်ပြီး မေးခွန်းတွင် (၂)ပုဒ်မေးကာ (၁)ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို ဖော်ထုတ်နိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ကိုယ်ပိုင်ဗဟုသုတအတွေးအခေါ်ကို ကိုယ်ပိုင်စကားပြေ အရေးအသားဖြင့် ရေးသားရခြင်းဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ကိုယ်ခံကို စာစီစာကုံးဖြင့် အကဲဖြတ်ခြင်း ဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက် (၅)ချက် ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ စာစီစာကုံးဖြေဆိုရာတွင် ပုံကြမ်းအချက်အလက်ကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။

နမူနာ

၆။ နှစ်သက်ရာတစ်ခုကို စာစီကုံးပါ။

၁။ **မိဘကျေးဇူးမြင်းမိုရ်ဦး**

- . မိဘတို့၏ ကျေးဇူးတရားကြီးမားပုံ
- . မိဘပြစ်မှားသူတို့ ဆင်းရဲဒုက္ခရောက်တတ်ပုံ
- . မိဘမပြစ်မှားသူတို့ အကျိုးကျေးဇူးခံစားရပုံ
- . မိဘတို့၏ကျေးဇူးကို တစ်ဖန်ပြန်လည်ဆပ်သင့်ပုံ
- . မိဘတို့၏ကျေးဇူးတရားနှင့် မိမိအမြင်

၂။ **လှပသာယာပြည်မြန်မာ**

- . တောတောင်ရေမြေ သဘာဝအလှများဖြင့် ပြည့်ဝနေပုံ
- . သယံဇာတပစ္စည်းများပေါကြွယ်ဝပုံ
- . ထင်ရှားသောနေရာဒေသများဖြင့်လှပသာယာပုံ
- . ရိုးရာဓလေ့အလိုက်ပွဲတော်များကျင်းပကြပုံ
- . မိမိအတွေးနှင့်အမြင်

မေးခွန်းနံပါတ်(၇)

မေးခွန်းနံပါတ်(၇)သည် အဆိုတစ်ရပ်ကို ဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော အဆိုဆွေးနွေးမေးခွန်းမျိုး ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ်နှင့် ပင်ကိုအရည်အသွေးတို့ကို ဖော်ထုတ်ပြသည့် မေးခွန်းဖြစ်သဖြင့် ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင်ကောင်းသလောက် အရေးအသား အတင်အပြကောင်းလျှင် ကောင်းသလောက်အမှတ်ရနိုင်မည့် မေးခွန်းဖြစ်ပါသည်။ အဆိုဆွေးနွေး အရေးအသားသည် အလေ့အကျင့်များများပြုလုပ်ထားဖို့လိုအပ်သည့် မေးခွန်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အလေ့အကျင့်များများပြုလုပ်ကာ အရေးအသားကို အဆင်ပြေချောမွေ့စွာရေးတတ်ပြီး အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိနိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ အတွေးနှင့် အရေးအသားစွမ်းရည်ကို ဖော်ထုတ်ပေးသည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၇။ အောက်ပါအဆိုများအနက်**တစ်ခု**ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။

(၁) စာဖတ်ခြင်းသည် အင်တာနက်သုံးခြင်းထက် ပို၍ အကျိုးရှိသည်။

(၂) နိုင်ငံသားတိုင်းသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သင့်သည်။

ဤမေးခွန်းကို ဖြေဆိုရာတွင် ရေးသားချိန်သည် မိနစ် (၂၀၊ ၂၅) မိနစ်ခန့်သာ ရှိနိုင်သည့်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို သတိပြုရမည်ဖြစ်ပါသည်။ စာပိုဒ် လေးပိုဒ်သာ ရေးသားဖြေဆိုသင့်ပြီး ပထမစာပိုဒ်သည် နိဒါန်း၊ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့သည် စာကိုယ်၊ စတုတ္ထစာပိုဒ်သည် မိမိရပ်တည်ချက်ကို အတည်ပြုသည့် နိဂုံးဖြစ်ပါသည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်သည် (၅) မိနစ်ခန့်သာ အသုံးပြုသင့်သည့်အတွက် ပေးမှတ်နှင့် ချိန်ဆကာ မည်မျှရေးသင့်သည်ကို တွေးဆရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရာတွင် နိဒါန်းနှင့် နိဂုံး(၂)မှတ်စီ၊ စာကိုယ်များကို (၃)မှတ်စီ လျာထားသတ်မှတ်ပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာစာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို လေ့လာသင်ယူဖြေဆိုရသည့် ဘာသာရပ် ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ဓမ္မမိဠာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းများကို ဖြေဆိုရာတွင် အချက်အလက်တိတိကျကျ ကျက်မှတ်ရသည့်နည်းတူ အမှန်တကယ် နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းရမည် ဖြစ်ပါသည်။ ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်များကို ဖြေဆိုရာတွင် မိမိ၏စိတ်ကူး စိတ်သန်းအတွေးအခေါ်၊ အရေးအသားစွမ်းရည်တို့ကို ပြသရမည့်နည်းတူ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက် မေးခွန်းရှည်များကို ဖြေဆိုရာတွင် ကောင်းစွာနားလည် သဘောပေါက်အောင် ဖတ်ရှုပြီး ကိုယ်ပိုင်အတွေး စိတ်ကူးဉာဏ်နှင့် အရေးအသားတို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့်ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး ထူးထူးချွန်ချွန် အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

စာမျက်နှာ ၂၇ မှအဆက်

ဒီလိုမေးခွန်းမျိုးက ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်တဲ့စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲကအကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၇ ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ Grade 10, 11, 12 တွေမှာပါတဲ့ Listening and Speaking အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII (A) ကတော့ Complete the dialogue with the expressions given in the box. There is an extra. လို့ ပေးထားမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ expression ခြောက်ခုကိုသုံးပြီး ကွက်လပ် ငါးခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ Expression တစ်ခု ပိုပေးထားပါတယ်။

ဥပမာ–

Thinzar: Hi, Su Mon. We haven't seen each other since the beginning of the Thidingyut holiday. (1) ----------?

Su Mon: I went on a trip to Bagan with my cousins. After the trip, I helped my mum with the housework.

လို့ ပေးထားလျှင် အဖြေဟာ box ထဲမှာရှိတဲ့ expression ၆ ခုထဲက ဆီလျော်တဲ့ What have you been doing? လို့ ဖြေပေးရပါမယ်။

ဒုတိယပိုင်းကတော့ Grade 6 to Grade 12 တွေမှာပါတဲ့ Listening and Speaking အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII (B) ကတော့ Complete the exchanges using the expressions given in the box. There is an extra. လို့ပေးထားမှာ ဖြစ်တယ်။ ဒီအပိုင်းကတော့ ကျောင်းသား ကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည်အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့ အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာလည်း Expression တစ်ခု ပိုပေးထားပါတယ်။

မေးခွန်းနံပါတ် ၈ ကတော့ Letter writing ဖြစ်ပြီး Choose a situation given below and write a letter. Do not write more than 300 words. လို့မေးမှာဖြစ်တယ်။ Grade 10, Grade 11, Grade 12 စာအုပ်တွေမှာပါတဲ့ Formal letter နဲ့ Informal letter များကို အခြေခံပြီး လေ့ကျင့်ထားဖို့လိုပါတယ်။ ပေးထားတဲ့မေးခွန်း ၂ ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသားဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာ သတိထားပြီး ပေးထားတဲ့နာမည်နဲ့ လိပ်စာကိုသာ ရေးရမှာဖြစ်တယ်။

ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာ ဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ ဘယ်နခုလဲဆိုတာ သေသေချာချာ ဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ –

You are Kyi Pyar. Your address is No.31, 31st Street, Mandalay. Write a letter to your friend, Muyar, telling her about a birthday party at home, informing what your plans are for it, and inviting her to come and help you at the party.

ဆိုတဲ့ မေးခွန်းကိုကြည့်ရင် addresser က Kyi Pyar ဖြစ်ပြီး addressee က Muyar ဖြစ်ပါတယ်။ အကြောင်းအရာအနေနဲ့ အချက်သုံးချက် ပါပါတယ်။ ပထမအချက်က a birthday party at home အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေဖြင့် informing what your plans are for it လို့မေးထားတဲ့အတွက် ကိုယ့်ရဲ့ Plans တွေအကြောင်းကို ပြောပြရမှာပါ။ တတိယအချက်အနေနဲ့ inviting her to come and help you at the party. လို့ မေးထားတဲ့အတွက် သူမကို လာဖို့နဲ့ မွေးနေ့ပွဲမှာ ကူညီပေးဖို့ ဖိတ်ခေါ်ရန်အတွက် ရေးသားရမှာဖြစ်ပါတယ်။ အချက်သုံးချက်လုံးကို တိတိကျကျဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိတဲ့ ကျက်မှတ်ထားသမျှ ရေးမယ်ဆိုရင် မေးထားတာနဲ့ မဆီလျော်လို့ အမှတ်မရနိုင်ပါဘူး။

မေးခွန်းနံပါတ် ၉ ကတော့ Essay ဖြစ်ပြီး Write an essay on ONE of the following. Do not write more than 500 words. ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် ၃ ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီး ရေးရမှာဖြစ်ပါတယ်။

ဥပမာ –

The importance of time management for success in school and life ဆိုတဲ့ စာစီစာကုံးမှာ ကျောင်းနဲ့ဘဝမှာအောင်မြင်စေဖို့ အချိန်စီမံခန့်ခွဲမှုအရေးပါပုံကို မိမိရဲ့အမြင်နဲ့ တင်ပြရေးသားရမှာဖြစ်ပါတယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေ ရှိပါတယ်။

ပထမဆုံးအနေနဲ့ Content and Relevancy ကို စဉ်းစားရမှာပါ။ မိမိရေးရမည့် အကြောင်းအရာနှင့် ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာ မဟုတ်ပါဘူး။ ရေးရမည့်အကြောင်းအရာနှင့်စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့ လိုပါတယ်။

ဒုတိယအချက်ကတော့ Organization and Presentation ဖြစ်တဲ့ ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်းကို စဉ်းစားရမှာပါ။ အကြောင်းအရာအချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျ ရေးနိုင်ရမယ်။ ရေးတဲ့ အကြောင်းအရာကို စာဖတ်သူ စိတ်ဝင်စားလာအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရမယ်။

နောက်တစ်ချက်ကတော့ Language အပိုင်းမှာပါတဲ့ စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်းကို စဉ်းစားရပါမယ်။ စကားလုံးများကို သုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန် သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရမယ်။ စာလုံးရေ ကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့ အရေးအသားဖြစ်စေဖို့ သတိပြုရမှာ ဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ်၊ ထိထိမိမိ၊ သဒ္ဒါမှန်မှန် ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေ ကန့်သတ်ထားတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် စာမရေးခင်မှာ မိမိရေးသားမည့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့ အချက်တွေအားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမည့်ကျောင်းသားကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာ သိရှိအောင် လေ့ကျင့်ထားဖို့ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက် အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ ။

စစ်ဘက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နေသော တရုတ်နိုင်ငံ

**❖ တရုတ်နိုင်ငံ စစ်ဘက်ဆိုင်ရာပြုပြင်ပြောင်းလဲမှု၏ မူလရည်မှန်းချက်သည် ပူးတွဲစစ်ဆင်ရေးများ ထမ်းဆောင်ရာ၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို စွမ်းဆောင်ရည်မြှင့်တင်သွားရန်နှင့် နည်းပညာအထောက်အကူပြုတပ်ဖွဲ့အဖြစ် အဆင့်မြှင့်တင်သွားရန်ပင်ဖြစ်သည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှုလုပ်ရာတွင် တပ်ဖွဲ့ဝင်အင်အား ၃၀၀၀၀၀ ခန့်ကိုအင်အားလျှော့ချခဲ့ရာ အရာရှိထက်ဝက်ခန့်ပါဝင်ပြီး အများစုသည် ကြည်းတပ်မှဖြစ်သည်။ လက်ရှိအချိန်၌ တန်းပြည့်တာဝန်ထမ်းဆောင်မည့်တပ်ဖွဲ့ဝင် ၂၀၀၀၀၀၀ ခန့်ရှိသည်။ ထို့နောက် ပြန်တမ်းဝင်မဟုတ်သော တပ်ဖွဲ့ဝင်(NCOs)များနှင့် အရန်တပ်ဖွဲ့ဝင်များကိုလည်းတိုးချဲ့ဖွဲ့စည်းခဲ့သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ထိပ်ပိုင်းကွပ်ကဲမှုအဖွဲ့၌ ဗဟိုစစ်ကော်မရှင်(CMC)ဥက္ကဋ္ဌသည် သမ္မတရှီကျင့်ဖျင်ဖြစ်ပြီး ဗဟိုစစ်ကော်မရှင်(CMC)ရုံးအဖွဲ့ကို ဌာန ၁၅ ခုဖြင့် တိုးချဲ့ဖွဲ့စည်းထားရှိကာ အမျိုးသားအဆင့်စစ်ရေးအစီအမံများနှင့် လုပ်ငန်းတာဝန်၊ ထိန်းချုပ်မှုတာဝန်များကိုထမ်းဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် ဗဟိုစစ်ကော်မရှင်(CMC) အဖွဲ့ဝင်တစ်ဦး ဦးဆောင်သည့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်ပစစ်ဘက်များနှင့် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် တရုတ်အစိုးရအဖွဲ့၏ အခြားသောအစိတ်အပိုင်းများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ကြည်းတပ်စစ်ဒေသခုနစ်ခုကို ဖျက်သိမ်းပြီး စစ်နယ်ဝန်း ငါးခုကိုဖွဲ့စည်းထူထောင်ခဲ့သည်။ ဗဟို စစ်ကော်မရှင်(CMC)ကွပ်ကဲမှုအောက်၌ စစ်နယ်ဝန်းများသည် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ရမည်ဖြစ်ပြီး ဖွဲ့စည်းခြင်း၊ လေ့ကျင့်ခြင်းကဲ့သို့သော စွမ်းဆောင်ရည်များမြှင့်တင်ခြင်းတို့အပြင် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တစ်ခုစီအနေဖြင့်လည်း သီးခြားတာဝန်များကို ထမ်းဆောင်သွားရမည်ဖြစ်သည်။ ထို့ပြင် အာကာသ၊ ဆိုက်ဘာကွန်ရက်နှင့် သတင်းအချက်အလက် အစိတ်အပိုင်းများပါဝင်သည့် မဟာဗျူဟာမြောက်အထောက်အကူပြုတပ်ဖွဲ့နှင့် ပူးတွဲအုပ်ချုပ်ထောက်ပံ့မှုအထောက်အကူပြုတပ်ဖွဲ့တို့ကိုလည်း ဖွဲ့စည်းခဲ့သည်။ စစ်နယ်ဝန်းတစ်ခုစီ၌ ၎င်းတို့ကိုယ်ပိုင်တာဝန်များကိုလည်းကောင်း ထမ်းဆောင်ရလေ့ရှိသည်။

တိုက်ခိုက်ရေးတပ်ဖွဲ့များပြင်ဆင်ဖွဲ့စည်းခြင်း

ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အားလုံးရှိ တိုက်ခိုက်ရေးတပ်ဖွဲ့များ ဒုတိယအဆင့် ပြန်လည်ဖွဲ့စည်းမှုကို ၂၀၁၇ ခုနှစ် ဧပြီလ၌စတင်ခဲ့သည်။ တပ်မများနှင့် ၎င်းတို့ကွပ်ကဲမှုအောက်ရှိ တပ်ရင်းကြီးများကိုဖျက်သိမ်းပြီး တပ်မဟာများအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ အချို့သော တပ်မအဆင့်တပ်ဖွဲ့များကို ဆက်လက်ထားရှိပြီး အမိန့်ပေးကွပ်ကဲမှုစနစ်ကို တပ်မဟာမှသည် တပ်ရင်းအဆင့်ထိဖြန့်ကြက်ထားသည်။ တပ်မဟာများကို တိုက်ခိုက်ရေးတပ်ဖွဲ့များနှင့် အမြောက်၊ အထူးစစ်ဆင်ရေးတပ်ဖွဲ့(SOF)၊ ကြည်းတပ်၊ လေကြောင်းတပ်ဖွဲ့များ ပါဝင်သည့် အထောက်အကူပြုတပ်ဖွဲ့များဖြင့် ဖွဲ့စည်းထားရှိသည်။ ကြည်းတပ်၌ တိုက်ခိုက်ရေးတပ်မဟာ ၈၀ ကျော်ဖြင့်ဖွဲ့စည်းထားရှိသည်။

ရေတပ်အနေဖြင့်လည်း စစ်သင်္ဘောအသစ်များကို စစ်ရေယာဉ်စုအဖြစ်စုဖွဲ့တာဝန်ပေးအပ်နိုင်ရန် ဖွဲ့စည်းမှုပိုင်းဆိုင်ရာ အဓိကကျသည့်ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခဲ့သည်။ လေယာဉ်တင်သင်္ဘော သုံးစီးကို အထူးတပ်ဖွဲ့အဖြစ်ဖွဲ့စည်းခဲ့ပြီး တပ်မအဆင့်ရှိ ဖရီးဂိတ်စစ်ရေယာဉ်စုကို ဖျက်သင်္ဘော၊ ရေငုပ်သင်္ဘော၊ ကမ်းထိုးယာဉ်နှင့် အထောက်အကူပြုယာဉ်များနှင့် ပေါင်းစပ်တာဝန်ထမ်းဆောင်နိုင်ရန်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

မရိုန်းတပ်ဖွဲ့ကို တပ်မဟာ ၁၁ ခုထိ တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ရေတပ်၏အကြီးစားကမ်းထိုးရေယာဉ်စုသည် လက်ရှိအချိန်၌ Type 071s ရှစ်စီး၊ Typer 075s လေးစီးနှင့် Type 076 တစ်စီးတို့ဖြင့် ဖွဲ့စည်းထားရှိသည်။ Type 056 ကော်ဗက်စစ်ရေယာဉ် အစီး ၂၀ ကျော်ကို တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သော်လည်း Typer 056As ကော်ဗက်စစ်ရေယာဉ်များသည် ရေတပ်၌ဆက်လက်တာဝန်ထမ်းဆောင်နေဆဲပင်ဖြစ်သည်။

ယခင်လေတပ်အခြေစိုက်စခန်းများနှင့် အမိန့်ပေးကွပ်ကဲမှုဌာနချုပ်များကို လေတပ်အခြေစိုက်စခန်း ၁၁ ခုအဖြစ် ကျစ်လျစ်စွာဖွဲ့စည်းခဲ့သည်။ တိုက်လေယာဉ်နှင့် မြေပြင်တိုက်ခိုက်ရေးတပ်ဖွဲ့များကို လေတပ်အခြေစိုက်စခန်းအလိုက် တပ်မဟာများ အဖြစ်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ သို့သော် ဗုံးကြဲလေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးလေယာဉ်များနှင့် အခြားသောအထူးမစ်ရှင်ထမ်းဆောင်သည့် လေယာဉ်များကို စစ်နယ်ဝန်း သို့မဟုတ် လေတပ်ကွပ်ကဲမှုရှိတပ်ရင်းကြီးများနှင့်အတူ တပ်မ ကိုးခုအဖြစ် ဆက်လက်ဖွဲ့စည်းထားရှိသည်။ လေကြောင်းချီတပ်ဖွဲ့၏ ယခင်တပ်မ သုံးခုကို သယ်ယူပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်နှင့် အထူးစစ်ဆင်ရေးတပ်ဖွဲ့များပါဝင်သည့် တပ်မဟာခြောက်ခုအဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ကုန်းမြေအခြေစိုက်လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များကို ဝေဟင်ပိုင်နက်ကာကွယ်နိုင်ရေးအတွက် စွမ်းဆောင်ရည်ဖြည့်ဆည်းထားရှိသည်။

ဒုံးကျည်တပ်ဖွဲ့ကိုလည်း ဒုံးကျည်မျိုးစုံပစ်ခတ်နိုင်သော တပ်မဟာခြောက်ခုနှင့် အထောက်အကူပြု အခြေစိုက်စခန်း သုံးခုတို့ဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်တပ်ဖွဲ့သည် ဒုံးကျည်ပစ်လွှတ်ရန်အသင့်ပြင်ဆင်ထားသည့် မြေအောက် ဥမင် ၃၀၀ ကျော်တွင် တိုးချဲ့တပ်ဖြန့်ချထားလျက်ရှိသည်။ ထို့ပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အရန်တပ်ဖွဲ့ဖြစ်သည့် ရဲတပ်ဖွဲ့နှင့် ပြည့်သူစစ်တပ်ဖွဲ့ဝင်များကိုလည်း အကြီးစားပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်လျက်ရှိသည်။

ဆိုရလျှင် တရုတ်နိုင်ငံ၏ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များသည် လူအင်အားဆက်လက်ထိန်းသိမ်းထားနိုင်ရန်၊ ပညာတတ်လူငယ်များပိုမိုဆွဲဆောင်နိုင်ရန်နှင့် တပ်ဖွဲ့ဝင်များ၏တိုက်ပွဲဝင်အသင့်ဖြစ်မှုမြှင့်တင်နိုင်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသအနေဖြင့် လူသစ်စုဆောင်းမှုကို တစ်နှစ်လျှင်တစ်ကြိမ်ပြုလုပ်ခဲ့ရာမှ တစ်နှစ်လျှင် နှစ်ကြိမ်ပြုလုပ်လျက်ရှိသည်။ အထူးသဖြင့် တပ်သားသစ်စုဆောင်းရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း ပြုပြင်ပြောင်းလဲရေးဆွဲလျက်ရှိသည်။

ထို့ပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ ဒုံးကျည်တပ်ဖွဲ့နှင့် အထောက်အကူပြုတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်များတိုးတက်အောင်လုပ်ဆောင်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ စွမ်းဆောင်ရည်များကိုတိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ တရုတ်ကွန်မြူနစ်ပါတီနှင့်စစ်ဘက်ခေါင်းဆောင်များသည် စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်မှုကို ၂၀၄၉ ခုနှစ်ထိ တိုးချဲ့ဆောင်ရွက်သွားရန်ရည်မှန်းထားရှိသဖြင့် ရေရှည်နှင့်လိုက်လျောညီထွေရှိသောရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များသည် ပြည်တွင်း၊ ပြည်ပအခြေအနေများအရ လိုအပ်ချိန်၌ ကွန်မြူနစ်ပါတီ၏အမိန့်အတိုင်း တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုက်ပွဲဝင်အသင့်ဖြစ်စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကိုးကား

– China's Military Reforms Since 2015: Is Time on Its Side? by The Diplomat.

ဝင်းဇင်(သုတေသန)

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် ၂၀၁၅ ခုနှစ်မှစ၍ ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်လာခဲ့သည်။ ထိုသို့ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရာ၌ တပ်ဖွဲ့ဝင်များကို တိုက်ပွဲဝင်အသင့်ဖြစ်စေရန်နှင့် တိုင်းပြည်အချုပ်အခြာအာဏာအပြင် နယ်စပ်ဒေသများကို ကျော်လွန်ကာ ကာကွယ်နိုင်စွမ်းရှိစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

စစ်ဘက်၊ အရပ်ဘက် ပေါင်းစပ်ဆောင်ရွက်သွားမည့် အမျိုးသားမဟာဗျူဟာမြောက်စနစ်များနှင့် စွမ်းဆောင်ရည်သဘောတရားအောက်၌ အရပ်ဘက်ကဏ္ဍမှပူးပေါင်းဆောင်ရွက်မှုသည် တပ်ဖွဲ့ဝင်အင်အားများ၊ ခေတ်မီလက်နက်များ၊ အုပ်ချုပ်ထောက်ပံ့မှုများနှင့် နိုင်ငံရေးဆိုင်ရာအထောက်အပံ့များရရှိရေးတို့အတွက် များစွာအရေးပါလျက်ရှိသည်။ ၎င်းအထောက်အပံ့များသည် ကြည်း၊ ရေ၊ လေ၊ အာကာသ၊ ဆိုက်ဘာကွန်ရက်နှင့် သတင်းအချက်အလက်ဆိုသည့်နယ်ပယ်ပေါင်းစုံတွင် ပေါင်းစပ်ပူးတွဲစစ်ဆင်ရေးများဆင်နွှဲရာ၌ များစွာအရေးပါလျက်ရှိသည်။

အဆိုပါ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အဆင့်သုံးဆင့်ရှိသော မဟာဗျူဟာ တစ်စိတ်တစ်ဒေသအနေဖြင့် လာမည့် ငါးနှစ်အတွင်းအပြီးသတ်အကောင်အထည်ဖော်နိုင်ရန် မျှော်မှန်းထားရှိသည်။ ၎င်းမဟာဗျူဟာကို ၂၀၄၉ ခုနှစ်ထိတိုင်အောင် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ဆိုရလျှင် ဖွဲ့စည်းမှုပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် လူအင်အားလျှော့ချမှုကို ၂၀၂၀ ပြည့်နှစ်တွင် အပြီးသတ်အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။ သို့သော် နည်းပညာပြောင်းလဲတိုးတက်လာမှုများနှင့် ပြည်တွင်းပြည်ပ၌ဖြစ်ပေါ်လာသည့် ပြောင်းလဲလာမှုများကြောင့် လိုက်လျောညီထွေချိန်ဆဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိပြီး အနာဂတ်တွင်လည်း ဆက်လက်လုပ်ဆောင်သွားမည်ဟုမျှော်မှန်းရသည်။

စစ်နယ်ဝန်းများပြောင်းလဲဖွဲ့စည်းခြင်း

တရုတ်နိုင်ငံ စစ်ဘက်ဆိုင်ရာပြုပြင်ပြောင်းလဲမှု၏ မူလရည်မှန်းချက်သည် ပူးတွဲစစ်ဆင်ရေးများ ထမ်းဆောင်ရာ၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို စွမ်းဆောင်ရည်မြှင့်တင်သွားရန်နှင့် နည်းပညာအထောက်အကူပြုတပ်ဖွဲ့အဖြစ် အဆင့်မြှင့်တင်သွားရန်ပင်ဖြစ်သည်။ ထိုသို့ပြုပြင်ပြောင်းလဲမှုလုပ်ရာတွင် တပ်ဖွဲ့ဝင်အင်အား ၃၀၀၀၀၀ ခန့်ကို အင်အားလျှော့ချခဲ့ရာ အရာရှိထက်ဝက်ခန့်ပါဝင်ပြီး အများစုသည် ကြည်းတပ်မှဖြစ်သည်။ လက်ရှိအချိန်၌ တန်းပြည့်တာဝန်ထမ်းဆောင်မည့်တပ်ဖွဲ့ဝင် ၂၀၀၀၀၀၀ ခန့်ရှိသည်။ ထို့နောက် ပြန်တမ်းဝင်မဟုတ်သော တပ်ဖွဲ့ဝင်(NCOs)များနှင့် အရန်တပ်ဖွဲ့ဝင်များကိုလည်းတိုးချဲ့ဖွဲ့စည်းခဲ့သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ထိပ်ပိုင်းကွပ်ကဲမှုအဖွဲ့၌ ဗဟိုစစ်ကော်မရှင်(CMC)ဥက္ကဋ္ဌသည် သမ္မတရှီကျင့်ဖျင်ဖြစ်ပြီး ဗဟိုစစ်ကော်မရှင်(CMC)ရုံးအဖွဲ့ကို ဌာန ၁၅ ခုဖြင့် တိုးချဲ့ဖွဲ့စည်းထားရှိကာ အမျိုးသားအဆင့်စစ်ရေးအစီအမံများနှင့် လုပ်ငန်းတာဝန်၊ ထိန်းချုပ်မှုတာဝန်များကိုထမ်းဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် ဗဟိုစစ်ကော်မရှင်(CMC) အဖွဲ့ဝင်တစ်ဦး ဦးဆောင်သည့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်ပစစ်ဘက်များနှင့် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် တရုတ်အစိုးရအဖွဲ့၏ အခြားသောအစိတ်အပိုင်းများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ကြည်းတပ်စစ်ဒေသခုနစ်ခုကို ဖျက်သိမ်းပြီး စစ်နယ်ဝန်း ငါးခုကိုဖွဲ့စည်းထူထောင်ခဲ့သည်။ ဗဟို စစ်ကော်မရှင်(CMC)ကွပ်ကဲမှုအောက်၌ စစ်နယ်ဝန်းများသည် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ရမည်ဖြစ်ပြီး ဖွဲ့စည်းခြင်း၊ လေ့ကျင့်ခြင်းကဲ့သို့သော စွမ်းဆောင်ရည်များမြှင့်တင်ခြင်းတို့အပြင် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တစ်ခုစီအနေဖြင့်လည်း သီးခြားတာဝန်များကို ထမ်းဆောင်သွားရမည်ဖြစ်သည်။ ထို့ပြင် အာကာသ၊ ဆိုက်ဘာကွန်ရက်နှင့် သတင်းအချက်အလက် အစိတ်အပိုင်းများပါဝင်သည့် မဟာဗျူဟာမြောက်အထောက်အကူပြုတပ်ဖွဲ့နှင့် ပူးတွဲအုပ်ချုပ်ထောက်ပံ့မှုအထောက်အကူပြုတပ်ဖွဲ့တို့ကိုလည်း ဖွဲ့စည်းခဲ့သည်။ စစ်နယ်ဝန်းတစ်ခုစီ၌ ၎င်းတို့ကိုယ်ပိုင်တာဝန်များကိုလည်းကောင်း ထမ်းဆောင်ရလေ့ရှိသည်။

အခြေစိုက်စခန်းတစ်ခုစီဖွင့်လှစ်ထားမည်ဖြစ်သည်။ အဆိုပါတပ်ဖွဲ့ဝင်များသည် ကြည်းတပ်ယူနီဖောင်းများဝတ်ဆင်ထားမည်ဖြစ်သော်လည်း ကြည်းတပ်တာဝန်ထမ်းဆောင်သွားမည်မဟုတ်ချေ။

တရုတ်အစိုးရသည် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၏ အင်အားကို တရားဝင်ထုတ်ပြန်ခြင်းမရှိသော်လည်း ခေတ်သစ်ကာလရှိ တရုတ်နိုင်ငံ၏ အမျိုးသားကာကွယ်ရေးဆိုင်ရာ ၂၀၁၉ ခုနှစ် စက္ကူဖြူစာတမ်း၌ လေတပ်အနေဖြင့် ပုံမှန်အင်အားကိုထိန်းသိမ်းထားရှိကြောင်း၊ ရေတပ်နှင့်ဒုံးကျည်တပ်ဖွဲ့တို့ကို အတန်အသင့်အင်အားတိုးချဲ့ခဲ့ကြောင်းနှင့် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ကြည်းတပ်ဖွဲ့များနှင့်တပ်ဖွဲ့များကို ရေတပ်မရိုန်းတပ်ဖွဲ့များတိုးချဲ့ဖွဲ့စည်းရန် ပြောင်းရွှေ့နေရာချထားခဲ့ကြောင်း၊ ရေတပ်ရှိ ကမ်းခြေအခြေစိုက်လေကြောင်းတပ်ဖွဲ့နှင့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များကို လေတပ်ဖွဲ့သို့ပြောင်းရွှေ့နေရာချထားခဲ့ကြောင်း ဖော်ပြထားသည်။

စစ်နယ်ဝန်းတစ်ခုစီ၌ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များမှ အရာရှိ၊စစ်သည်များပါဝင်သော ပူးတွဲစစ်ဦးစီးအဖွဲ့ကိုဖွဲ့စည်းထားရှိသည်။ စစ်နယ်ဝန်းတစ်ခုစီအောက်၌ ကြည်းတပ်နှင့်လေတပ်စစ်နယ်ဝန်းဌာနချုပ်များရှိပြီး ကမ်းခြေစစ်နယ်ဝန်းသုံးခုအောက်၌ ရေတပ်စစ်နယ်ဝန်းဌာနချုပ်များရှိသည်။ ဒေသအလိုက် ရေတပ်နှင့်လေတပ်ဌာနချုပ်များသည် ယခင်ကွပ်ကဲမှုစနစ်များအတိုင်း ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်သော်လည်း စစ်နယ်ဝန်းရှိ ကြည်းတပ်ဦးစီးအရာရှိများသည် တာဝန်အသစ်များ ထမ်းဆောင်နိုင်ရေးအတွက် ၎င်းတို့၏ဝန်ထမ်းများကို စနစ်တကျဖွဲ့စည်းလေ့ကျင့်သွားရန် လိုအပ်မည်ဖြစ်သည်။

ကြည်း၊ ရေ၊ လေ စစ်နယ်ဝန်းဌာနချုပ်များ

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

အင်းတော် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၃၃၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ခုနှစ်အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၄၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အင်းတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေထောက်ပဲ ၃၃၁၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၃၄၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေထောက်ပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများအနေဖြင့် စိုက်ဧကများ ပိုမိုစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ စျေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းစျေးကွက်သာမက ပြည်ပစျေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့် အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ် ဦးစီးမှူး ဦးသိန်းဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စေတုတ္တရာ ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တယ်ဇားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှုရှိမရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စီမံကိန်းမတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ်၂၃ ဒသမ ၇သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၉ ဒသမ ၃သန်း၊ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ၁ ဒသမ ၆ သန်းစုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၃ သန်းထုတ်ချေးငှားပြီး လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။ **ကိုညို**

လျှင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခပြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အင်ဗွိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၁၆

မဟာယ်ကျောက်ပြားစက်ရုံ (မန္တလေး)

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂ ၂၃၁၆၃၉

KHA YAE PIN MART - မဝံလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀ ၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏
စီမံခန့်ခွဲရေးဗဟိုကော်မတီ-ဥက္ကဋ္ဌ(ငြိမ်း)နှင့် ကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့
နာယကအဖွဲ့ဝင် မဟာသဒ္ဓမ္မဇောတိကဓဇ

Great ဦးမြင့်ဝင်း အသက် (၇၅)နှစ်

သည်(၃၁-၁-၂၀၂၆)ရက်နေ့၊ နံနက်(၇:၀၀)နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး
ကြီးကြပ်ရေးအထောက်အကူပြုအဖွဲ့
အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၅၈ လမ်း၊ ၂၉ x ၃၀ လမ်းကြားနေ မောင်နေဖြိုး(၉/မဟမ(နိုင်)၀၈၂၄၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-790740225

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၈ လမ်း၊ ၈၆ x ၈၇ လမ်းကြားနေ မောင်ဟိန်းခန့်ဇေ(၉/မဟမ(နိုင်)၀၅၅၅ ၃၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။09-970996752

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၁၈) အောင်မင်္ဂလာပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဒုတိယတန်းတွင် ပညာသင်ကြားလျက်ရှိသော မောင်မြတ်ဖုန်းခန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဝင်းဦး ဖြစ်ပါကြောင်း။ ဦးဝင်းဦး(၅/စကန(နိုင်)၁၉၅၅၆၅)

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၁၈) အောင်မင်္ဂလာပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဒုတိယတန်းတွင် ပညာသင်ကြားလျက်ရှိသော မဖွေးဖွေး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးစိုင်းလှထွန်း ဖြစ်ပါကြောင်း။ ဦးစိုင်းလှထွန်း(၁၃/ကမန(နိုင်)၀၆၇၇၇၅)

ဆုတောင်းပန်ရေချိုကို ချွေတာပါ

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

❖ ယနေ့ခေတ်သည် သတင်းမီဒီယာခေတ်ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်များ အသုံးပြုရာတွင်လည်း အကျိုးမဲ့ဖြစ်စေမည့် မိမိနှင့် မိမိတို့၏ အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည့် လုပ်ဆောင်ချက်များမဖြစ်အောင် တစ်ဦးချင်း အသိတရားဖြင့် အသုံးပြုကြရန်လို...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KNDF၊ အင်းလေး PDF၊ ရှမ်း(တောင်) PDFနှင့် DPLA အဖွဲ့ဝင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၂၄ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KNDFအဖွဲ့မှ အမျိုးသား သုံးဦး၊ အင်းလေး PDF အဖွဲ့မှ အမျိုးသားတစ်ဦး၊ ရှမ်း(တောင်)PDFအဖွဲ့မှ အမျိုးသားနှစ်ဦး၊ DPLA အဖွဲ့မှ အမျိုးသား ၁၂ ဦး၊အမျိုးသမီး ခြောက်ဦး စုစုပေါင်းအမျိုးသား ၁၈ဦးနှင့် အမျိုးသမီးခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် စာမျက်နှာ ၂၃ ကော်လံ ၁☆

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ထံ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးက လက်နက်အပ်နှံစဉ်။

စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ် ဒေသတစ်ဝိုက်ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို စာမျက်နှာ ၁၇ ကော်လံ ၁❍

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ပြည့်စုံလင်း ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အောင်သပြေခက်ဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

KIA အဖွဲ့နှင့် KPDFအမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ကျရောက် ပေါက်ကွဲမှုကြောင့် ဗားကန့်မြို့အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် အသက် ၁၀ နှစ်အရွယ် ကလေးငယ် နှစ်ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိ၊ စာသင်ဆောင်များ ထိခိုက်ပျက်စီးဆုံးရှုံး

စာမျက်နှာ - ၂၄

အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်

HRB-500 အမျိုးအစား Deformed Bar များကို

စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇